၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (22-5-2011) (၆၇၆၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)သို့တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)သို့ တက်ရောက် အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင် ၁၆ ဦးက စာတမ်း ၁၆ စောင်ကို ဖတ်ကြား

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)သို့ တက်ရောက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးပညာရှင်များ၊ စာတမ်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာတမ်းများဖတ်ကြား

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၁) လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှုစရိတ် လျှော့ချရေးနှင့် နည်းပညာဖွံ့ဖြိုးရေးကဏ္ဍ၌ သဘာပတိအဖြစ် စိုက်ပျိုးရေးပညာရှင် ဒေါက်တာစိန်လှဗိုလ်က ဆောင်ရွက်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က ကျေးလက်ဒေသ တောင်သူများ ဝင်ငွေတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့စိုက်ပျိုးထုတ်လုပ်ရေးစာတမ်းကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ရေစီမံခန့်ခွဲမှု အခန်းကဏ္ဍစာတမ်းကို လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာဒေါ်လှီကျော်က တောင်သူစီးပွား တွက်ခြေကိုက်ရေးနှင့် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး စာတမ်းကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြံပေး ဒေါက်တာမောင်အောင်က ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်စေခြင်း (ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်း)ဖြင့် လယ်ယာထွက်ကုန်များ တိုးချဲ့ထုတ်လုပ် တင်ပို့နိုင်မှုမှတစ်ဆင့် ကျေးလက်ဆင်းရဲမှု လျှော့ချရေးစာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

အပိုင်း(၂)

ဆက်လက်၍ အပိုင်း(၂) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စုစည်းလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ သဘာပတိအဖြစ် ပညာရှင် ဦးဆက်အောင်က ဆောင်ရွက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ကျေးလက်သားငါးကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင်မှသည် အစုအဖွဲ့ဆီသို့ စာတမ်းကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုအထောက်အကူပြု ရေလုပ်ငန်း ကုန်ထုတ်အစုအဖွဲ့များ၏ အနာဂတ်အခန်းကဏ္ဍ စာတမ်းကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

ကြေးမုံ
The Mirror

၂၂-၅-၂၀၁၁
(တနင်္ဂနွေနေ့)

ကုန်ထုတ်စွမ်းအားစုကြီး ဖွံ့ဖြိုးအောင် စွမ်းဆောင်

နိုင်ငံတစ်နိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူဦးရေသည် အဆိုပါနိုင်ငံ၏ အလုပ်လုပ်နိုင်စွမ်းရှိသည့် လုပ်အားဖြစ်သည်။ တစ်နည်းအားဖြင့် ကုန်ထုတ်နိုင်မှုအား၊ စီးပွားရေးစွမ်းအားစုဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိရာ တိုင်းပြည်၏ အဓိကကုန်ထုတ်စွမ်းအားစုကြီးဖြစ်သည်။

ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသောအခန်းကဏ္ဍက ပါဝင်နေသည်။ တောင်သူလယ်သမားများနှင့် အလုပ်သမားများသည် တိုင်းပြည်၏ အခြေခံလူတန်းစားများဖြစ်ရာ အခြေခံလူတန်းစားများ၏ လူမှုဘဝမြင့်မားလာမှ တိုင်းပြည်၏ ဂုဏ်သိက္ခာလည်း မြင့်တက်လာမည်ဖြစ်သည်။

နိုင်ငံ၏အဓိကကုန်ထုတ်စွမ်းအားစုကြီးဖြစ်သည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို လေ့လာကြည့်လျှင် ဆန်စပါးအပါအဝင် သီးနှံစုံစိုက်ပျိုးနေကြသော်လည်း ထုတ်လုပ်မှုစရိတ်မြင့်မားပြီး ထုတ်လုပ်နိုင်မှုပမာဏနှင့် အရည်အသွေးကြောင့် ဈေးရသင့်သလောက်မရကြဘဲ ဝင်ငွေအကျိုးအမြတ် လျော့နည်းနေကြသည်။ လူဦးရေတိုးတက်နှုန်းနှင့်အတူ စားဝတ်နေရေးစရိတ် မြင့်မားလာမှုသည်လည်း ကျေးလက်ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျရေးတွင် အဟန့်အတားဖြစ်နေဆဲဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် စိုက်ဧကများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်းထက် အထွက်နှုန်းကောင်း သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးပြီး ဈေးကွက်ဝင် အရည်အသွေးကောင်း သီးနှံများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရပေမည်။ သီးနှံအထွက်တိုးရေး လိုအပ်သည့် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ထွန်ယက်ကိရိယာ၊ စိုက်ပျိုးစရိတ်၊ သွင်းအားစုစသည်တို့ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်ဝဝ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်သည်။

ထို့အတူ သီးနှံများ ထွန်ယက်စိုက်ပျိုးချိန်မှသည် ခြွေလှေ့ချိန်အထိ သီးနှံအလေအလွင့် နည်းပါးရေးနည်းလမ်းများ ကျင့်သုံးကြရပေမည်။ စပါးများရိတ်၍ ကန်သင်းပေါ်ပုံထားပြီးနောက် သီးနှံစိုက်ပျိုးရန် ထွန်ယက်လုံးပန်းနေရခြင်းကြောင့် စပါးအရည်အသွေးကျဆင်းကာ အလေအလွင့်များသဖြင့် ဝင်ငွေကျဆင်းမှု ဖြစ်ကြရသည်။ ရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်ယက်ကိရိယာများ ပိုမိုသုံးစွဲကြရမည်။ အစုအဖွဲ့စနစ်ဖြင့် အလှည့်ကျထွန်ယက်စနစ် ကျင့်သုံးနိုင်ရေး ဌာနဆိုင်ရာများနှင့် ကျေးရွာအစုအဖွဲ့များ ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ရန် လိုအပ်လာပြီဖြစ်သည်။

တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် သွင်းအားစုလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အစုအဖွဲ့ ကုန်ထုတ်စွမ်းအားစုများ ထူထောင်လုပ်ကိုင်ခြင်း၊ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် ကူညီခြင်းတို့သည် ကျေးလက်ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အကြောင်းအရင်းများဖြစ်ကြောင်း ရှုမြင်မိပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာဘရူဝါရီလီမိတက်၏ ကရဏာရှေးရှု မြန်မာမှုအစီအစဉ်က ကွန်ပျူတာလှူဒါန်း သွေးလှူရှင်များအား အသည်းရောင်အသားဝါဘီရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

နေပြည်တော် မေ ၂၁

မြန်မာဘရူဝါရီလီမိတက်၏ ကရဏာရှေးရှုမြန်မာမှု အစီအစဉ်က ကျင်းပသည့် ကွန်ပျူတာအလုံး ၃၀ ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းပွဲနှင့် သွေးလှူရှင်များအား အသည်းရောင်အသားဝါ ဘီရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)က တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ အခြေခံကျောင်းများနှင့် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ကွန်ပျူတာ အလုံး ၃၀ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလများတွင် စုပေါင်းသွေးလှူဒါန်းပွဲများ ကျင်းပခဲ့ရာ ယခုဇွန်လတွင် (၈)ကြိမ်မြောက် ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း၊ အသည်းရောင်အသားဝါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းအစီအစဉ်မှာ လူနာများအတွက် သန့်ရှင်းသောသွေးအစဉ်ရရှိစေရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်၌ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ ပုံမှန်စေတနာသွေးလှူရှင်များအား ကာကွယ်ဆေးအခမဲ့ဆေးထိုးလှူဒါန်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်ထံ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)က ကွန်ပျူတာအလုံး ၃၀ ကို ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးထံ အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သွေးလှူရှင်များအား အသည်းရောင်အသားဝါဘီကာကွယ်ဆေး ထိုးနှံပေးမှုများကို ကြည့်ရှုအားပေးကြသည်။

မြန်မာဘရူဝါရီလီမိတက် ကရဏာရှေးရှု မြန်မာမှုအစီအစဉ်က အခမ်းအနားသို့ တက်ရောက်လာကြသည့် သွေးလှူရှင် ၆၀ အား ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကျန်သွေးလှူရှင် ၅၄၀ အား ထားဝယ်မြို့ဆေးရုံ၌ ဆက်လက်၍ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်ထံ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)က ကွန်ပျူတာအလုံး ၃၀ ကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

တာလေလျှင်ဒဏ်သင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းက ပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၁

တာချီလိတ်ခရိုင် တာလေလျှင်ဒဏ်သင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းက ပစ္စည်းများလှူဒါန်းပွဲကို မေ ၁၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Apirath Vienravi က ငါးသေတ္တာ ၄၈၄၃၂ ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၈၆၄၀၊ ခြေသုတ်ဖိနပ်အရန် ၅၀၀ နှင့် ဆန်နှစ်ကီလိုအိတ် ၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့် သင်တန်း(၁/၂၀၁၁) သင်တန်းဖွင့်ပွဲကို မေ ၁၆ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။
(၅၂၇)

မေ ၁၇ ရက်က ဒေါ်တင်လှ M.A.M.S ညွှန်ကြားရေးမှူး(ငြိမ်း) ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၏ (၈၇)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မြင့် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

အောင်မြင်သာ စံပြကျေးရွာသစ်နှင့် မလိယန်ကျေးရွာသစ်များ တည်ဆောက်ပေးလျက်ရှိ

ရန်ကုန် မေ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် မလွတ်ကင်းသော ကျေးရွာ ငါးရွာကို စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

ရေအားလျှပ်စစ်စီမံကိန်းနှင့် မလွတ်ကင်းသော ကျေးရွာများမှာ တန်ဖဲကျေးရွာ၊ ကျိန်ခရမ်ကျေးရွာ၊ မြစ်ဆုံကျေးရွာ၊ ခပွါး/အောင်ဂျာယန်ကျေးရွာနှင့် ဒေါင်ပန်ကျေးရွာ တို့ဖြစ်ပြီး ယင်းကျေးရွာများမှ ဒေသခံပြည်သူများအား အောင်မြင်သာစံပြကျေးရွာသစ်နှင့် မလိယန်ကျေးရွာသစ်များတွင် ပြန်လည်နေရာချထားပေးခြင်းဖြစ်သည်။ ယခင်နေထိုင်ခဲ့သည့် မြေကွက်အကျယ်နှင့် အိမ်အဆင့်အတန်းပေါ်မူတည်၍ ပေ ၆၀ × ၈၀၊ ပေ ၁၀၀×၁၂၀ နှင့် ပေ ၈၀ ပတ်လည်၊ ပေ ၁၀၀ ပတ်လည် မြေကွက်များတွင် နေအိမ်များကို တည်ဆောက်ပေးထားပြီး အိမ်ထောင်စုအလိုက် ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် စိုက်ပျိုးသီးနှံ နစ်နာကြေးများကိုလည်း ပေးအပ်သည်။ ကျေးရွာ၌ (၁၆) ခုတင်ဆံ့ ဆေးရုံ၊ ကျေးရွာ ဆေးပေးခန်း၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် မူလတန်းကျောင်း၊ ဘုရားနှင့် ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ကျောင်း၊ ဈေး၊ စာတိုက်နှင့် ရဲစခန်းများကို ထည့်သွင်းဆောက်လုပ်ပေးထားသည်။

ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် လျှပ်စစ်မီးများကိုလည်း ရရှိအောင် စနစ်တကျဆောင်ရွက်ပေးထားပြီး ကျေးရွာအတွင်းလမ်းများကိုလည်း ကွန်ကရစ်လမ်းများခင်းကာ မြစ်ကြီးနားမြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖောက်လုပ်ပေးလျက်ရှိကြောင်း အဆိုပါ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အေးရှားဝေါလ်ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆောင်ရွက်ပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စီးပွားရေး ပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါ်တင်မာလာက ကျေးလက်ဒေသ စက်မှုထုထောင်ရေးရေးမှူး ဒေါက်တာထွန်းလွင်က ကာလရှည် ကျေးလက်ဖွံ့ဖြိုးရေး နည်းဗျူဟာများ စာတမ်းကိုလည်းကောင်း၊ အကြီးစား စက်မှုစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထိုက်က လယ်ယာကဏ္ဍနှင့် ပတ်သက်သည့် ကျေးလက်ထုတ်ကုန်များ တိုးတက်ထွက်ရှိရန် အမှတ်(၂) အသေးစား စက်မှုလက်မှု လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု စာတမ်းကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်မှုလယ်ယာစနစ် ကျင့်သုံးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး စာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်း ဆွေးနွေးကြသည်။

အဆိုပါ စာတမ်းများအပေါ် တက်ရောက်လာကြသူများက ဝိုင်းဝန်း မေးမြန်းဖြည့်စွက် ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့ အစီအစဉ်များ)ကို ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ(ဒုတိယနေ့အစီအစဉ်များ)တွင် အပိုင်း(၂)မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စုစည်းလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ပညာရှင်ဦးဆက်အောင် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

နည်းပညာ ပြောင်းလဲကျင့်သုံးရေး၊ ပေါင်းစည်းလယ်ယာမြေ ဖော်ထုတ်ရေးနှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်ရေးစာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပရာ အပိုင်း(၃) အသေးစား ငွေချေးလုပ်ငန်းနှင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကဏ္ဍ၌ သဘာပတိအဖြစ် သံအမတ်ကြီး(အငြိမ်းစား) ဦးလှမောင်က ဆောင်ရွက်ပြီး သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက သမဝါယမအသင်းများမှ ဆောင်ရွက်လျက်ရှိသော အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးရှင်သန်ရေးဆိုင်ရာ စာတမ်းကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုတွင် အထူးပြုကုမ္ပဏီများ၏ အရေးပါပုံ စာတမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးက မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးကို အထောက်အကူပြုမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်ရေး စာတမ်းကို လည်းကောင်း တင်သွင်းကြသည်။

ဆက်လက်၍ အပိုင်း(၄) ကျေးလက်စက်မှု ဖွံ့ဖြိုးရေး၊ အသေးစားစက်မှုလုပ်ငန်းများနှင့် ကာလရှည် ကျေးလက်ဖွံ့ဖြိုးမှုကဏ္ဍ၌ သဘာပတိအဖြစ် စာတမ်းကို လည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပထဝီဝင်ဌာနမှ လက်ထောက်ကထိက ဒေါက်တာ မေသူနိုင်က အိမ်တွင်းစက်မှုလုပ်ငန်းများ စာတမ်းကိုလည်းကောင်း၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြား စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော စက်ကိရိယာများ အသုံးချ၍ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လေ့လာဆန်းစစ်ချက် စာတမ်းကို လည်းကောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက တင်သွင်းကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ(ဒုတိယနေ့ အစီအစဉ်များ)ကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့ အစီအစဉ်များ)တွင် စုစုပေါင်း ပညာရှင် ၁၆ ဦးက စာတမ်း ၁၆ စောင်ကို အလုပ်ရုံဆွေးနွေးပွဲ (တတိယနေ့ အစီအစဉ်များ)ကို မေ ၂၂ ရက် နံနက် ၈ နာရီတွင် ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွဋ် ကျေးလက်ဒေသတောင်သူများ ဝင်ငွေတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့စိုက်ပျိုးထုတ်လုပ်ရေးစာတမ်းကို ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေး မြန်မာ နိုင်ငံ တွင် ဆင်းရဲ နွမ်းပါးမှု လျော့ကျ ရေးကို အထောက်အကူ ပြုမည့် အသေးစား ငွေရေး ကြေးရေး လုပ်ငန်းများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်ရေးစာတမ်းကို ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန စီးပွားရေး ပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါ်တင်မာလာ ကျေးလက်ဒေသ စက်မှုထူထောင်ရေးစာတမ်းကို ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းဟောပြောမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း၏ စဉ်ဆက်မပြတ်ပညာပြန့်ပွားရေး အစီအစဉ်အရ ပညာရပ်ဆိုင်ရာ ကော်မတီ၏ စီစဉ်မှုဖြင့် မေ ၂၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)ရှိ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း ဘက်စုံသုံးခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဦးကိုကိုမောင်၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) မေးရိုးနှင့် ခံတွင်း ခွဲစိတ်ပညာဌာန ဒေါက်တာနွယ်နွယ်အောင် (ဌာနမှူး-သွားနှင့် ခံတွင်းဇီဝသိပ္ပံပညာဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့က ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၆၀၀	၀. ၀၃၃၀၅
တရုတ် (ယွမ်)	၆. ၄၉၃၀၀	၀. ၁၅၄၀၁
အိန္ဒိယ (ရူပီး)	၄၄. ၉၄၀၀	၀. ၀၂၂၂၅
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၀၀	၀. ၃၃၂၂၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၈၄၀	၀. ၈၀၇၄၉
ဂျပန် (ယန်း)	၈၁. ၆၉၄၀	၀. ၀၁၂၂၄
တောင်ကိုရီးယား(ဝမ်)	၁၀၈၃. ၆၄	၀. ၀၀၀၉၂
ယူရို	၀. ၇၀၆၁၄	၁. ၄၁၆၁၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၂၆	၁. ၆၂၂၇၀

အင်တာနက်။

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပို ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ၁ ဒသမ ၄၂ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၇၉ လက်မ၊ ကသာမြို့တွင် ၅ ဒသမ ၆၃ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၅၅ လက်မ၊ ချောင်းဆုံမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၈၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် ဖျာပုံမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စကြဝဠာကြီးသည် မဟုရာစွမ်းအင်ခေါ် စွမ်းအင်တစ်မျိုးဖြင့် ပြည့်နေကြောင်း အတည်ပြုနိုင်ဖွယ်ရှိ

မဲလ်ဘုန်း မေ ၂၁

ခေတ်ရွေ့ပြေးနည်းပညာများအသုံးပြု လုပ်ဆောင်ခဲ့သော နက္ခတ္တသိပ္ပံဆိုင်ရာ လေ့လာမှုတစ်ခုမှ ထွက်ပေါ်လာသော အဖြေရလဒ်များအရ မဟူရာစွမ်းအင် (Dark Energy) ခေါ် ထူးဆန်းသော စွမ်းအင်တစ်မျိုး စကြဝဠာအတွင်း၌ တည်ရှိနေမှုကို အတည်ပြု၍ ရနိုင်ဖွယ်ရှိကြောင်း မေ ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

စကြဝဠာ၏ ၇၄ ရာခိုင်နှုန်းကို မဟူရာစွမ်းအင်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းမဟူရာစွမ်းအင်တည်ရှိမှုကို အတည်ပြုနိုင်ပါက စကြဝဠာကြီး အဘယ်ကြောင့်အရှိန်ဖြင့် ပြန့်ကားလျက်ရှိသည်ကို ရှင်းလင်းနိုင်မည်ဖြစ်သည်။

ယခင်ထုတ်ဖော်တင်ပြပြီးဖြစ်သော မဟူရာစွမ်းအင်ဆိုင်ရာ လေ့လာမှုရလဒ်များကို စစ်ဆေးကြည့်နိုင်ရန် နိုင်ငံတကာ သိပ္ပံပညာရှင် အဖွဲ့သည် သီးခြားစူးစမ်းလေ့လာမှုနှစ်ရပ်ကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏ မဟူရာစွမ်းအင်ဆိုင်ရာ လေ့လာတွေ့ရှိချက်များသည် နဂါးငွေ့တန်း ကြယ်စု ၂၀၀၀၀၀ ကျော်ကို လေ့လာမှုများ၌ အခြေပြုထားသည်။

စကြဝဠာအတွင်းရှိ ကြယ်ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသော အလင်းရောင်များကို စူးစမ်းလေ့လာခြင်းဖြင့် ၁၉၉၀ ခုနှစ်နှောင်းပိုင်း၌ မဟူရာစွမ်းအင်အယူအဆ စတင်ပေါ်ထွက်လာရသည်။

စကြဝဠာကြီး အဘယ်ကြောင့် အရှိန်ဖြင့် ပြန့်ကားထွက်နေသည်ကို ရှင်းပြရန် နက္ခတ္တဗေဒ သိပ္ပံပညာရှင်များသည် ရူပဗေဒပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်း၏ ဆွဲငင်အားသီအိုရီနှင့် စကြဝဠာအတွင်း၌ ထူးဆန်းသော စွမ်းအင်ပုံစံတစ်မျိုးဖြင့် ပြည့်နှက်နေသည်ဟူသော အယူအဆတို့ကို ပြန်လည်အသုံးပြုခဲ့ကြရသည်။ လေ့လာတွေ့ရှိချက်များအရ မဟူရာစွမ်းအင်သည် သိပ္ပံပညာရှင်ကြီးအိုင်းစတိုင်း အဆိုပြုခဲ့သကဲ့သို့ စကြဝဠာ ကိန်းသေတစ်ရပ်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ ဆွင်းဘန်းနည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင် ဒေါက်တာ ခရစ္စဘလိတ်က ပြောကြားသည်။ ***အင်တာနက်။***

နဂါးငွေ့တန်း ကြယ်စုများကို လေ့လာစူးစမ်းရာတွင် အသုံးပြုသော အင်ဂလို-ဩစတြေးလီးယန်း တယ်လီစကုပ်ကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသည်များလိုက်ပါလာသောသင်္ဘော ဗီယက်နမ်တောင်ပိုင်း၌နစ်မြုပ်၊ ၁၅ ဦးသေဆုံး

ဟန္နိုင်း မေ ၂၁

ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် မေ ၂၀ ရက်ညက ကမ္ဘာလှည့်ခရီးသည်များလိုက်ပါလာသော အပျော်စီး နှစ်ထပ်သင်္ဘောတစ်စင်း နစ်မြုပ်ကြောင်း၊ ကလေး ငါးဦး၊ အမျိုးသမီး ခြောက်ဦး၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် လေးဦးအပါအဝင် ၁၅ ဦး သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

သင်္ဘောပေါ်တွင် စုစုပေါင်းခရီးသည် ၂၆ ဦး လိုက်ပါလာကြောင်း၊ တရုတ်လူမျိုးလေးဦး ပျောက်ဆုံးလျက်ရှိသည်ဟု ဆိုသည်။

အဆိုပါ နှစ်ထပ်သင်္ဘောနစ်မြုပ်မှုသည် ည ၇နာရီခန့်တွင် ဖြစ်ပွားကြောင်း၊ ဗီယက်နမ်နိုင်ငံ ဘင်ဒွန်းပြည်နယ်ဆိုင်ဂုံမြစ်အတွင်း သင်္ဘောပေါ်၌ မွေးနေ့ပွဲအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများပြုလုပ်နေစဉ် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားရာနေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ စစ်သည်ရာပေါင်းများစွာပါဝင်၍ ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်း၌ လုပ်အားပေးလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မလေးရှားနိုင်ငံ မိဘမဲ့ဂေဟာတစ်ခုအပေါ် မြေပြိုကျ၍ ကလေးငါးဦးသေဆုံး

ကွာလာလမ်ပူ မေ ၂၁

မလေးရှားနိုင်ငံအလယ်ပိုင်း ဆီလန်ဂါပြည်နယ် ဟူလူလန်ဂတ်ခရိုင်ရှိ မိဘမဲ့ကလေးများဂေဟာတစ်ခု တည်ရှိရာနေရာ၌ စနေနေ့က မြေပြိုမှု ဖြစ်ပွားခဲ့ရာ ကလေး ၂၀ နှင့် လူကြီးလေးဦးတို့သည် ပြိုကျခဲ့သော ရွှံ့နွံများအောက်သို့ ရောက်ရှိခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

မြေပြိုမှုကြောင့် သေဆုံးခဲ့ရသော အသက်ရှစ်နှစ်မှ ၁၇ နှစ်အကြား ယောကျာ်းလေး ငါးဦးတို့၏ ရုပ်အလောင်းကို ပြန်လည်ရှာတွေ့ခဲ့ပြီး ဒဏ်ရာအပြင်းအထန်ရခဲ့သည့် အသက် (၃၀)အရွယ် မိဘမဲ့ဂေဟာကြီးကြပ်သူတစ်ဦးနှင့် ယောကျာ်းလေး ခြောက်ဦးတို့ကို ရွှံ့မြေများအောက်မှ ဆွဲထုတ်နိုင်ခဲ့ပြီး ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

မိဘမဲ့ဂေဟာနံဘေးရှိ တဲအဖီတစ်ခုအတွင်း နေ့လယ်စာစားနေခိုက် ယင်းအဖီပေါ်သို့မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ရာ နေ့လယ်စားနေသူ ၂၄ ဦးတို့မှာ ရှောင်တိမ်းချိန်ပင်မရလိုက်ဘဲ ရွှံ့နွံအောက်ရောက်ရှိခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ဆီလန်ဂါပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် မြေပြိုမှုဖြစ်ရဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

မိုးရွာသွန်းမှုကြောင့် မြေမှာ ပျော့ပျောင်းလျက်ရှိရာ ကယ်ဆယ်ရေးသမားများသည် လက်နှင့် အခြားကိရိယာများသုံး၍ မြေပြိုမှုဖြစ်ရာနေရာကို တူးဖော်လျက်ရှိပြီး ရွှံ့နွံများအောက်၌ ကျန်ရှိ နေသေးသည့် ကလေးကိုးဦးနှင့် မိဘမဲ့ဂေဟာ အမှုထမ်းသုံးဦးကို ဆက်လက်ရှာဖွေနေကြောင်း သိရသည်။ ***အေအက်ပီ။***

မြေပြိုမှုဖြစ်ပွားရာ မိဘမဲ့ကလေးဂေဟာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်နိုင်မှု အိန္ဒိယဝန်ကြီးချုပ်ဂုဏ်ပြု

နယူးဒေလီ မေ ၂၁

အိန္ဒိယအာကာသဌာနမှ ပြည်တွင်း၌ပင် အဆင့်မြင့်စွာ တည်ဆောက်နိုင်ခဲ့သော ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို ယနေ့တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ရာ ယင်းအောင်မြင်မှုအတွက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အိန္ဒိယအာကာသရေးရာဌာနသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့သည်။ အဆိုပါ ဂြိုဟ်တုမှာ GSTA-၈ ဟု အမည်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ်သည် ၎င်း၏ ဂုဏ်ပြုသဝဏ်လွှာကို ဂြိုဟ်တုလွှတ်တင်ရေးစခန်းတွင် ရှိနေသော အာကာသရေးရာဌာန အကြီးအကဲ ကေရာဒက်ချ်ခရစ်ရှုနန်ထံသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။ GSTA-၈ ဂြိုဟ်တုကို ပြင်သစ်ဂီယာနာ ကိုရူးကျွန်းရှိ ဥရောပ အာကာသအေဂျင်စီ၏ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ယနေ့အောင်မြင်စွာလွှတ်တင်ခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

အဆိုပါ ဂြိုဟ်တုကို ဥရောပ အာကာသအေဂျင်စီ၏ အေရီယန် ၅ ဒုံးပျံနှင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ၎င်းဂြိုဟ်တုနှင့်အတူ ဂျပန်နိုင်ငံမှ S-2 ဂြိုဟ်တုကိုပါ ယင်းဒုံးပျံဖြင့် တစ်ခါတည်း သယ်ဆောင်လွှတ်တင်နိုင်ခဲ့သည်။ GSTA-၈ ဂြိုဟ်တုသည် အလေးချိန် ကီလိုဂရမ် ၃၁၀၀ ရှိပြီး အိန္ဒိယနိုင်ငံမှ လွှတ်တင်ခဲ့သော ဂြိုဟ်တုများတွင် အကြီးဆုံးနှင့် စွမ်းရည်အမြင့်ဆုံးဖြစ်ကာ အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့တွင် ဌာနချုပ်တည်ရှိသည့် အိန္ဒိယအာကာသသုတေသနဌာနက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပီတီအိုင်။

နေတိုးတပ်ဖွဲ့ထံ ထောက်ပံ့ရေးယာဉ်တန်းများ သွားလာမှု ပါကစ္စတန်အာဏာပိုင်များက အကန့်အသတ်မရှိဆိုင်းငံ့

ပက်ရှ်ဝါ မေ ၂၁

အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ နယ်စပ်တွင် နေတိုးတပ်ဖွဲ့ထံ ပို့ဆောင်မည့် ထောက်ပံ့ရေး ယာဉ်တန်း အကြမ်းဖက် တိုက်ခိုက်ခံခဲ့ရပြီးနောက် ပါကစ္စတန်နိုင်ငံ အာဏာပိုင်များက ယင်းသို့သော ထောက်ပံ့ရေးယာဉ်တန်းများ ကူးသန်းသွားလာမှုကို အကန့်အသတ်မရှိ ဆိုင်းငံ့ထားလိုက်သည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ခိုင်ဘာမျိုးနွယ်စုဒေသတွင် နေတိုးလောင်စာဆီတင်ယာဉ်အနီး ဗုံးပေါက်ကွဲရာ ၁၆ ဦး ထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရရှိကြသည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော လန်ဒီကိုတယ်မြို့အနီးတွင် မေ ၂၀ရက် ညပိုင်းက အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

နေတိုးတပ်ဖွဲ့အတွက် ပေးပို့သည့် လောင်စာဆီတင်ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် မီးလောင်နေသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သေဆုံးသူအများစုမှာလောင်စာဆီတင်ယာဉ်မှ ယိုဖိတ်ကျနေသော ရေနံများကို ယူငင်ကြသော လူငယ်များဖြစ်ကြသည်။ ဒဏ်ရာရသူများပြားခြင်းကြောင့် သေဆုံးသူဦးရေထပ်မံတိုးလာနိုင်သည်ဟု မျှော်လင့်ရသည်။

သီးခြားဖြစ်စဉ်တစ်ခုတွင် ခိုင်ဘာလူမျိုးစုဒေသရှိ တော့ခ်ဟမ်းမြို့၌ နေတိုးတပ်ဖွဲ့၏ လောင်စာဆီတင်ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အနီးရှိ အခြားလောင်စာဆီတင်ယာဉ်သုံးစီးသို့ မီးကူးစက်လောင်ကျွမ်းသွားသည်။ လွန်ခဲ့သော ရက်သတ္တပတ်ကလည်း ခိုင်ဘာဒေသ၌ပင် နေတိုးတပ်ဖွဲ့အတွက် ထောက်ပံ့ပို့ဆောင်ပေးနေသော ကုန်တင်ကားများနှင့် လောင်စာဆီတင်ယာဉ်များကို ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကဘူးရှိ စစ်ဆေးရုံခြံဝင်းအတွင်း ဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံး

ကဘူး မေ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ စစ်ဘက်ဆိုင်ရာ ဆေးရုံတစ်ရုံ၌ မေ ၂၁ ရက်က အင်အားပြင်းထန်သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်း သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး မိုဟာမက်ဇာဟာအက်ဇမီက ပြောကြားသည်။

ကဘူးရှိ မိုဟာမက်ဒါယွတ်ခန် စစ်ဘက်ဆိုင်ရာဆေးရုံခြံဝင်းအတွင်း မေ ၂၁ရက် မွန်းတည့်ချိန်တွင် ဗုံးပေါက်ကွဲခဲ့သည်။ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပြီး နောက်ထပ် အသေခံဗုံးခွဲသူတစ်ဦး ဆေးရုံခြံဝင်းအတွင်း၌ ရှိနေဖွယ်ရှိကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ စစ်ဘက်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အင်တာနက်။**

၁၉၆၇ ခုနှစ် စစ်ပွဲမတိုင်မီ နယ်နိမိတ်မျဉ်းသို့ဆုတ်ခွာရန် အမေရိကန်အဆိုပြုချက် အစ္စရေးဝန်ကြီးချုပ် ပယ်ချ

ဝါရှင်တန် မေ ၂၁

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် လမ်းဖွင့်ပေးသည့်အနေဖြင့် အစ္စရေးနိုင်ငံက ၁၉၆၇ခုနှစ် စစ်ပွဲမတိုင်မီ တည်ရှိခဲ့သည့် နယ်နိမိတ်မျဉ်းကြောင်းသို့ ဆုတ်ခွာပေးရန် အမေရိကန်သမ္မတ ဘာရတ်အိုဘားမား၏ အဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပယ်ချလိုက်ကြောင်း မေ ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာဗုဒ္ဓပြတိုက် သီရိလင်္ကာနိုင်ငံ၌ ဖွင့်လှစ်

ကိုလံဘို မေ ၂၁

ဗုဒ္ဓမြတ်စွာဖွားမြင်တော်မူသည့် နှစ်ပေါင်း ၂၆၀၀ ပြည့် အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သော သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့လယ်ရှိ အပြည်ပြည်ဆိုင်ရာဗုဒ္ဓပြတိုက် ဖွင့်ပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားကို သီရိလင်္ကာနိုင်ငံသမ္မတ မဟင်ဒရာရာဂျာပတ်စာ တက်ရောက်ပြီး ပြတိုက်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာရေးရာ ညွှန်ကြားရေးမှူး ဂါမဏိဘန္ဒရာက ပြောကြားရာတွင် ဗုဒ္ဓပြတိုက်တည်ဆောက်ရာ၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ သန်း ကုန်ကျပြီး တရုတ်၊ ဂျပန်၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ အပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံတို့မှလည်း ထည့်ဝင်လှူဒါန်းခဲ့ကြသည်ဟု ဆိုသည်။

အဆိုပါ ပြတိုက်တည်နေရာသည် ရှေးဟောင်း တရားရုံးအဆောက်အအုံတစ်ခု တည်ရှိခဲ့ရာနေရာဖြစ်ပြီး ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ စွယ်တော်တိုက်အနီးတွင်ရှိသည်ဟု ၎င်းက ဆိုသည်။

ဗုဒ္ဓဘာသာဝင် တိုင်းသူပြည်သူအများစုဖြစ်သော သီရိလင်္ကာနိုင်ငံသည် ဗုဒ္ဓဖွားမြင်တော်မူသည့် နှစ် ၂၆၀၀ ပြည့်အခမ်းအနားကို မေ ၁၈ ရက်ကတည်းက ကျင်းပလျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဝက်နားရွက်ပြာရောဂါ ကာကွယ်တားဆီးရေး ဇီဝလုံခြုံမှုမြှင့်တင်ပေး

မောင်မောင်မျိုး
(ပဲခူး)

ဝက်မွေးမြူရေး

တောဝက်ရိုင်းများကို ယဉ်ပါးအောင် မွေးမြူလာကြရင်း အိမ်မွေးဝက်များဖြစ်လာခဲ့သည်။ အာရပ်နိုင်ငံများမှလွဲ၍ နေရာအနှံ့တွင် ဝက်ကို အသားစားရန် မွေးမြူကြသည်။ ဝက်သည် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို စားသည့်အပြင် အစုံစားသတ္တဝါလည်းဖြစ်သည်။ ထို့ကြောင့် ဝက်သည် မွေးမြူရာ၌ လွယ်ကူသည့်အပြင် အသားတိုးနှုန်းလည်းကောင်းသည်။ ယခုအခါ နိုင်ငံခြားဝက်မျိုးများကို စီးပွားဖြစ်မွေးမြူလာကြပြီဖြစ်သည်။ဝက်မွေးမြူရေးသည် စိုက်ပျိုးရေးနှင့်ဆက်စပ်မှုရှိပြီး ဝက်ကောင်ရေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းသည် တစ်ပိုင်တစ်နိုင်မွေးမြူထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

တစ်ကမ္ဘာလုံးတွင် ဝက်မွေးမြူကောင်ရေ သန်း ၉၀၀ ကျော်ရှိပြီး အာရှဒေသတွင် ကောင်ရေသန်း ၆၀၀ ကျော်ရှိသည်။ မြန်မာနိုင်ငံတွင် ဝက်ကောင်ရေ ၉ ဒသမ ၂ သန်းမွေးမြူထားပြီး မကွေးတိုင်းဒေသကြီးတွင် အများဆုံးမွေးမြူကြကြောင်း သိရသည်။ ကျွမ်းကျင်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဝက်ရောဂါများအနက် အပျော့စားဝက်နားရွက်ပြာရောဂါကျရောက်ဖြစ်ပွားမှုအား မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းကာလမှစ၍ စတင်တွေ့ရှိကြောင်း သိရသည်။

ဝက်နားရွက်ပြာရောဂါ

ဝက်နားရွက်ပြာရောဂါသည် ၁၉၈၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၅ ခုနှစ်အတွင်း ဂျာမနီ၊ နယ်သာလန်၊ စပိန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် ကနေဒါနိုင်ငံများတွင်လည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၂၀၀၆ ခုနှစ်တွင် အာရှဒေသ၌ တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၁၀ ခုနှစ်တွင် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ဖြစ်ပွားခဲ့သည်။

အဆိုပါရောဂါပိုးသည် အသက်ရှူလမ်းကြောင်းနှင့် မျိုးပွားလမ်းကြောင်းတွင် ဖြစ်ပွားတတ်ပြီး နှာရည်၊ တံတွေး၊ ဆီး၊ ကျင်ကြီးနှင့် သုက်ပိုးတို့မှတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ကာ ဝက်များတွင် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ကြောင်း သိရှိရသည်။ ထို့အပြင် ရောဂါဖြစ်ပွားသည့် ဝက်နှင့် အဆိုပါဝက်၏ အညစ်အကြေးများ၊ အစာကြွင်း အစာကျန်များတွင် ရောဂါပိုးပါရှိနိုင်သဖြင့် ဝက်စာကျွေးသူများကိုပါ ရောဂါကူးစက်မှု ဖြစ်ပွားနိုင်ကြောင်းကိုလည်း သိရသည်။

ရောဂါပျံ့နှံ့ရခြင်းအကြောင်းမှာ နာမကျန်းဝက်များ သတ်ဖြတ်ရောင်းချခြင်း၊ ရောဂါဖြစ်ဒေသတွင် ဝက်ဈေးကျဆင်း၍ ဈေးကောင်းရရှိရာဒေသသို့ သယ်ယူပို့ဆောင်ရန်အတွက် တိရစ္ဆာန်ရွှေ့လျားမှု များပြားခြင်း၊ ဝက်သယ်ဆောင်သည့် ယာဉ်များသည် ခြံတစ်ခြံမှ တစ်ခြံသို့ ကူးလူးသွားလာရာမှ ကူးစက်ခြင်း၊ အစာကြွင်း အစာကျန်များ စုဆောင်းကျွေးမွေးခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းမှာ ၆၀-၇၀ ရာခိုင်နှုန်းရှိပြီး ရောဂါဖြစ်ဝက်များတွင် သေပျောက်နှုန်းမှာ ၂၀-၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ကျွမ်းကျင်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရှိရသည်။ မြန်မာနိုင်ငံတွင် ဝက်နားရွက်ပြာရောဂါသည် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ဝက်များတွင် ရောဂါစတင်ကျရောက်ဖြစ်ပွားခဲ့ပြီး ထိုမှတစ်ဆင့် အခြားဒေသအချို့သို့ ပြန့်ပွားခဲ့ကြောင်း၊ နယ်စပ်သို့ ဝက်များတင်ပို့ရောင်းချရန်အတွက် စုဆောင်းသည့်ခြံ၏အနီးတွင် ပထမဆုံး ရောဂါကျရောက်ဖြစ်ပွားခဲ့ကြောင်း၊ ထိုကာလက နယ်စပ်ဒေသအချို့တွင် ဝက်ရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ကြောင်း၊ ဝက်များတင်ချပြုလုပ်စဉ် ဝက်များ၏ မစင်အညစ်အကြေးများ ပေကျံပြီး တစ်ရက်အတွင်း သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်း မပြုလုပ်နိုင်သည့်အတွက် ရောဂါပိုး ကပ်ငြိပါရှိလာကာ ရောဂါကျရောက်ဖြစ်ပွားခဲ့ကြောင်း ကျွမ်းကျင်ပညာရှင်များ၏ လေ့လာသုံးသပ်တွေ့ရှိချက်များအရ သိရှိရသည်။

မန္တလေးအနီးတစ်ဝိုက်ရှိ မြို့နယ်များမှ ရောဂါဖြစ်ပွားသည့် ဝက်များအနေဖြင့် ပြန်လည်ကျန်းမာနေပြီဖြစ်ကြောင်းနှင့် အဆိုပါဝက်များတွင် အပြင်းစား ဝက်နားရွက်ပြာရောဂါပိုးအား တုံ့ပြန်နိုင်သည့် စွမ်းအားများ ရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ ရောဂါဖြစ်ပွားခဲ့သည့် နေရာများတွင် ဝက်များ ပြန်လည်မွေးမြူမည်ဆိုပါက မိမိနယ်မြေအတွင်းရှိ ဝက်များကိုသာ ဖြန့်ဖြူးမွေးမြူသင့်ကြောင်း၊ အခြားဒေသမှ ဝယ်ယူမွေးမြူလိုပါက ဝယ်ယူမည့်ခြံ၏ ကျန်းမာရေးအခြေအနေကို သိရှိထားရန်နှင့် ခြံတစ်ခြံတည်းမှ ဝယ်ယူရမည်ဖြစ်ကြောင်း၊ သို့မှသာ ရောဂါပြန်လည်ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ခြံကြီးများတွင် မွေးမြူမည်ဆိုပါကလည်း အသစ်ဝင်လာသည့် ဝက်များကို သီးသန့်သုံးလခွဲထားပြီး ခြံနှင့်နေသားတကျဖြစ်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အပြင်းစားဝက်နားရွက်ပြာရောဂါပိုး ကူးစက်ရာလမ်းကြောင်းသည် ဝက်နှင့် ဝက်ထွက်ပစ္စည်း ရွှေ့လျားမှု၊ ရောဂါပိုးကပ်ငြိနေသော ယာဉ်၊ လူနှင့် ခြံအသုံးအဆောင်ပစ္စည်းများကြောင့်ဖြစ်သည်ကို အထူးဂရုပြုရမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ သိရှိရသည်။

ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများ

တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများအတွက် အောက်ဖော်ပြပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်-

(က) တစ်ပိုင်တစ်နိုင်မွေးမြူရေးသမားများ၊ အသားတိုး ဝက်မွေးမြူသူများ၊ ဝက်ရောင်းဝယ်ဖောက်ကားသူများနှင့် လိုင်စင်စီ ရရှိသူများသည် ဝက်များဖျားနာမှုရှိပါက သက်ဆိုင်ရာသို့ ဆောလျင်စွာ သတင်းပို့ရမည်။

(ခ) ပတ်ဝန်းကျင်တွင် ဗိုင်းရပ်(စ်)ပမာဏ လျော့ကျစေရေးအတွက် ဝယ်ယူစုဆောင်းသည့် ခြံသားသတ်ရုံအဝင်/အထွက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ရေး ဆောင်ရွက်ရမည်။

(ဂ) ဝက်များ မကျန်းမာဖြစ်တော့သည့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးသမားများသည် ဝက်အသစ်ကို တစ်လအတွင်း ပြန်လည်မွေးမြူနိုင်ပြီး ရောဂါကင်းရှင်းမှု အခြေအနေသိရှိသော ခြံမှဝက်များကိုသာ မွေးမြူရမည်။ ဝက်အသစ်များ အကြိမ်ကြိမ်ဖြည့်သွင်းခြင်းမပြုဘဲ လိုအပ်ပါက ယခင်တင်သွင်းသော နေရာမှ ဝက်ကိုသာ တင်သွင်းရမည်။

(ဃ) ရောဂါကျရောက်ဖြစ်ပွားရာဒေသများတွင် ဒေသအတွင်းရှိ ပြန်လည်ကျန်းမာလာသော ဝက်များကိုသာ ပြန်လည်မွေးမြူရမည်။ ရောဂါဖြစ်ပွားခဲ့ပြီး ပြန်လည်ကျန်းမာလာသည့် ဝက်များတွင် အပြင်းစားဝက်နားရွက်ပြာရောဂါကို ခုခံနိုင်သော စွမ်းရည်ပဋိပစ္စည်းများ ရရှိထားပြီးဖြစ်သဖြင့် ရောဂါပြန်လည်ဝင်ရောက်မှုကို ကာကွယ်နိုင်ပြီး ၎င်းခုခံနိုင်မှုစွမ်းရည်ကို ဝက်ငယ်လေးများတွင်လည်း ရရှိနိုင်မည်ဖြစ်သည်။ အခြားဒေသမှ ဝက်များကို အသစ်သွင်းပါက ရောဂါကျရောက်ဖြစ်ပွားနိုင်ပါသည်။

(င) ရောဂါကျရောက်ဖြစ်ပွားသော မြို့နယ်တွင် မြို့နယ်တစ်ခုမှ တစ်ခုသို့ တိရစ္ဆာန်ကူးသန်းသွားလာမှုကို တားမြစ်ထားရမည်။

ရောဂါကျရောက်ဖြစ်ပွားပြီးနောက်ဆောင်ရွက်ရမည့်လုပ်ငန်းများ

ဝက်ရောင်းဝယ်သည့် ကုန်သည်များနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအတွင်း ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးသမားများ၊ စီးပွားဖြစ်မွေးမြူရေးသမားများ၊ ကုန်သည်များ၊ သားသတ်လိုင်စင်ရရှိသူများနှင့် ဒေသဆိုင်ရာတိရစ္ဆာန်ဆရာဝန်များအနေဖြင့် ဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

စီးပွားဖြစ်မွေးမြူရေးခြံများ၊ ဝက်ဝယ်ယူစုဆောင်းသည့်နေရာများနှင့် သားသတ်ရုံများတွင် လစဉ်နမူနာပစ္စည်းများ ကောက်ယူပြီး ဝက်နားရွက်ပြာရောဂါနှင့် ဝက်ဝမ်းကျရောဂါပိုး ရှိ၊ မရှိ လစဉ် လေ့လာရမည်။

မြန်မာနိုင်ငံတွင် စီးပွားဖြစ်မွေးမြူသော ဝက်ခြံများ၌ အပြင်းစားဝက်နားရွက်ပြာရောဂါ ကျရောက်ဖြစ်ပွားမှု မရှိကြောင်း တွေ့ရှိရသည်။ ဇီဝလုံခြုံမှုတိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် အဆိုပါခြံများတွင် အပြင်းစားဝက်နားရွက်ပြာရောဂါ ကင်းရှင်းမှုအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးသည် ဗိုင်းရပ်(စ်)မျိုးကွဲတစ်ခုတည်းကိုသာ ကာကွယ်မှုပေးနိုင်ပြီး အခြားမျိုးကွဲအသစ်ဝင်ရောက်လာပါက ကာကွယ်မှုမပေးနိုင်ခြင်းကြောင့် ကာကွယ်ဆေးကို မသုံးစွဲသင့်ကြောင်း တွေ့ရှိရသည်။ ဇီဝလုံခြုံမှုမြှင့်တင်ရေးသည် အဓိကရောဂါကာကွယ်တားဆီးရေးဖြစ်သဖြင့် ဇီဝလုံခြုံမှုမြှင့်တင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ခြံအတွင်း ဇီဝလုံခြုံမှု မြှင့်တင်ရေး

ခြံအတွင်းနှင့် ခြံပြင်ပတွင် သီးသန့်ယာဉ်များ အသုံးပြုရမည်ဖြစ်ပြီး တိရစ္ဆာန်များသယ်ဆောင်ပြီးပါက ပိုးသတ်ဆေးဖြင့် ဆေးကြောသန့်စင်ရန်နှင့် ဝက်ငယ်များကို တင်ဆောင်သယ်ယူပြီးမှသာ ဝက်ကြီးများကို သယ်ယူရမည်ဖြစ်သည်။ ဗိုင်းရပ်(စ်)ပိုးကူးစက်ရရှိနိုင်သည့် အန္တရာယ်အရှိဆုံးနေရာမှာ မွေးမြူရေးခြံသို့ လာရောက်သော ကုန်တင်ယာဉ်များရပ်နားသော နေရာဖြစ်သည်။ ထို့ကြောင့် တိရစ္ဆာန်များ အတင်အချပြုလုပ်သည့်နေရာကို ခြံအတွင်းရှိ တိရစ္ဆာန်များနှင့် ထိတွေ့မှုမရှိစေရန် ခြံ၏ပြင်ပတွင် ထားရှိရမည်ဖြစ်သည်။ ခြံအတွင်းသို့ ဝင်ရောက်မည့် ဧည့်သည်များနှင့် အလုပ်သမားများအား ပိုးသတ်သန့်စင်ခြင်း၊ သီးသန့်အဝတ်အစားလဲလှယ်ခြင်းများ ပြုလုပ်ရမည့်အပြင် အခြားခြံသို့ သွားရောက်ခဲ့ပါက မိမိခြံအတွင်း မဝင်ရောက်မီ နှစ်ရက်နားပြီးမှ ဝင်ရောက်ရမည်ဖြစ်သည်။

ခြံပြင်ပ ဇီဝလုံခြုံမှုမြှင့်တင်ရေး

ခြံပြင်ပ၌ ဆောင်ရွက်ရမည့် ဇီဝလုံခြုံမှုအစီအမံအနေဖြင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို အစာစက်ရုံနှင့် သားသတ်ရုံများကဲ့သို့သော ရောဂါပိုးကူးစက်ပြန့်ပွားနိုင်သည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းရှိသော နေရာများတွင် ဆောင်ရွက်ရမည်ဖြစ်သည်။

ဝိုင်းဝန်းကာကွယ်ဆောင်ရွက်သင့်

ဝက်နားရွက်ပြာရောဂါသည် ကမ္ဘာတွင် ပြန်လည်နိုးထလာသည့် ကူးစက်မြန်ရောဂါဖြစ်ပြီး အလေးထားဂရုပြုရန် လိုအပ်လာသည့်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဝက်နားရွက်ပြာရောဂါကူးစက်မှုမှ ကာကွယ်ရန် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များအား အသိပေးနှိုးဆော်ထားသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးများ ဦးစီး၍ ဝက်မွေးမြူသည့် ခြံများတွင် ဝက်နားရွက်ပြာရောဂါကူးစက်မှု ရှိ၊ မရှိ လိုက်လံစစ်ဆေး၍ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံကာ ဝက်နားရွက်ပြာရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

ရောဂါပိုးဝင်ရောက်နေသည့် ဝက်များ၏ ရောဂါလက္ခဏာများမှာ အစားပျက်ခြင်း၊ ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း၊ မျက်မြေးရောင်ခြင်း၊ မျက်စိနာခြင်းတို့ဖြစ်ပြီး အဆိုပါ လက္ခဏာများဖြစ်ပေါ်လာပါက ရောဂါကာကွယ်ရေး သတိပြုဆောင်ရွက်ရမည်ဖြစ်သည်။ ထို့နောက် အရေပြားနီလာပြီး ဝမ်းဗိုက်၊ နားရွက်များတွင် အနီရင့်ရောင်၊ အပြာရောင်အကွက်များပေါ်လာကာ ဝမ်းလျှောချည့်နဲ့လာလျှင် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သွားရောက်စစ်ဆေးမှု ခံယူသင့်ပါသည်။

သို့ဖြစ်၍ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများ၊ ကုန်သည်များ၊ တင်ပို့ရောင်းချသူများအနေဖြင့် ဝက်နားရွက်ပြာရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများအား အလေးထားလိုက်နာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့်လည်း ဆက်သွယ်ပြီး ရောဂါကျရောက်ဖြစ်ပွားမှုမရှိစေရေး ဆောင်ရန်/ရှောင်ရန် အချက်များအား မေးမြန်း၍ ဝိုင်းဝန်းကာကွယ် ဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ စက်ရုံများ ဒုတိယဝန်ကြီး သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ပလတ်စတစ်ပစ္စည်းစက်ရုံ၊ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ၊ အထည်ချုပ်စက်ရုံအမှတ်(၁၈)နှင့် သန်လျင်အထည်ချုပ်စက်ရုံအမှတ်(၁၉)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် အထည်ချုပ်စက်ရုံအမှတ်(၁၈) အစည်းအဝေးခန်းမ၌ လုပ်ငန်းအလိုက်စက်ရုံမှူးများအား ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ရင်းစေတနာဖြင့် ကောင်းမွန်သော စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ကြရန်၊ ပြည်သူများသုံးစွဲသည့် ဈေးကွက်ရောင်းတမ်းဝင်ကုန်ပစ္စည်းများကို ကုန်ကျစရိတ် အနည်းဆုံး၊ ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် ပွဲစားလမ်းနေ ကွယ်လွန်သူ မိခင် ဒေါ်ခင်အေးရီ (၁၄)နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ သားသမီးနှင့် မြေးမောင်စစ်လင်းဦးက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အဖွဲ့ဝင် ဦးမောင်မောင်အောင် လက်ခံစဉ်။

(ကြေးမုံ)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း(၁/၂၀၁၁)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၁

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း(၁/၂၀၁၁)သင်တန်းဆင်းပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါ သင်တန်းကို အလုပ်သမားဝန်ကြီးဌာန အရာထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု တိုးတက်စေရန် ရည်ရွယ်၍ ဦးစီးအရာရှိနှင့် အထက်အရာထမ်းများအတွက် လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး အချေအတင် ဆွေးနွေးပြောဆိုမှု စွမ်းရည်ရရှိရေးကိုပါ ထည့်သွင်းလေ့ကျင့်စေလျက် မတ် ၇ ရက်မှစ၍ ရက်သတ္တကိုးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း(၁/၂၀၁၁) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁) အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား၌ တိုင်းပြည်တစ်ခု၏ လူနေမှုဘဝတိုးတက်မြင့်မားမှုကို တိုင်းတာရာတွင် ပြည်သူများ ရေကောင်းရေသန့် ပြည့်စုံလွယ်ကူစွာ သုံးစွဲနိုင်မှုနှင့် သန့်ရှင်းသော ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲနိုင်မှုသည်လည်း စံနှုန်းများအဖြစ် ပါဝင်လျက်ရှိကြောင်း၊ ယနေ့မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးလွှမ်းခြုံမှု အခြေအနေမှာ ၂၀၁၅ ခုနှစ်တွင် ဖြည့်ဆည်းပေးရမည့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက် (Millennium Development Goals) ၏ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီး၌ လက်ရှိ ယင်လုံအိမ်သာသုံးစွဲမှု၊ ရေကောင်းရေသန့် သုံးစွဲမှု၊ လွှမ်းခြုံမှုများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန် လွှမ်းခြုံမှုအားနည်းသည့် နေရာများတွင် ဆက်လက်တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးက ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်(၂၀၁၁) အထိမ်းအမှတ် ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆုရရှိကြသည့် အခြေခံကျန်းမာရေးဝန်ထမ်းများအား လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးက ဆုရ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နဝရတ်ကွန်ဒိုမီနီယံဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၁

အမှတ်(၂၂/၂၄) စမုံလမ်း ဒဂုံမြို့နယ်ရှိ FATHER LAND Construction & Decoration Co., Ltd.မှ တာဝန်ယူဆောက်လုပ်ပြီးစီးသွားသော FATHER LAND နဝရတ် ကွန်ဒိုမီနီယံဖွင့်ပွဲနှင့် အိမ်အပ်ပွဲကို FATHER LAND နဝရတ် ကွန်ဒိုမီနီယံ ရှေ့၌ကျင်းပရာ မြေရှင်၊ အိမ်ရှင်ဒေါ်လှလှအုန်း၊ ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် တာဝန်ရှိသူတို့က ကွန်ဒိုမီနီယံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကုမ္ပဏီအနေဖြင့် အထပ်မြင့်၊ အထပ်နိမ့် အဆောက်အအုံများ၊ ကွန်ဒိုမီနီယံများ၊ လုံးချင်းတိုက်များ၊ စက်ရုံများ၊ ဟိုတယ်များ ဆောက်လုပ်ခြင်း၊ Renovation ပြုလုပ်ခြင်း၊ Decoration ပြုလုပ်ခြင်းတို့ကို Customer များ စိတ်တိုင်းကျ ပြုလုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

FATHER LAND Construction နှင့် ဆက်သွယ်လိုပါက အမှတ်(၂၁၉/၂၂၁) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၅၁၃၁၀၇၁၊ ၀၉-၅၀၆၇၄၇၄၊၀၁-၂၉၈၅၄၀နှင့် ၀၁-၂၀၄၀၅၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သစ်တောသစ်ပင်ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၆)**
- ၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သမီးလေးရဲ့စူပါမင်း**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၆၉)**

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ လျှပ်တစ်ပြက်
- ၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၀ ၇။ မြန်မာ့ရှုခင်း
- ၄း၅၀ ၈။ အားလုံးရဲ့တာဝန်
- ၅း၁၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၅ ၁၀။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၃။ ဘဝကြေးမုံ -အသံထွက်ဇာတ်လမ်း (အပိုင်း-၁) (ထွန်းလွင်အောင်၊ ကေကေမိုးမြင့်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၄။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၂၄)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ပဟေဠိနန်းတော်
- ၂၁။ ကျန်းမာသုတ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -**ထာဝရချစ်သူ (အပိုင်း-၁၅)**
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -**အိမ်အပြန်လမ်း (အပိုင်း-၅၅)**

နှလုံးနှင့် နှလုံးသွေးကြောရောဂါ ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတွင် ပထမဦးဆုံးတင်သွင်းသည့် နှလုံးသွေးကြောကျဉ်း ရောဂါအတွက် ဆေးအသစ်တစ်မျိုးဖြစ်သော Potassium Channel Activator အုပ်စုဝင် Nikoran (Nicorandil) အကြောင်း ဟောပြောဆွေးနွေးပွဲကို မေ ၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။ **(အောက်ပုံ)**

နှလုံးရောဂါအထူးကုသမားတော်ကြီး Prof.U Tin Latt က Potassium Channel Activatorနှင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးကာကွယ်နိုင်မှု (Cardioprotection) အကြောင်းကို လည်းကောင်း၊ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်အထူးကုဆရာဝန်ကြီး Prof. U Khin Maung Lwin က "နှလုံးရောဂါ တိုက်ဖျက်ရေးအတွက် နည်းပညာသစ်များ" ခေါင်းစဉ်ကို ခွဲစိတ်ကုသခြင်း အမြင်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြသည်။ ယင်းဟောပြောဆွေးနွေးပွဲသို့ နှလုံးရောဂါ အထူးကုဆရာဝန်ကြီးများ၊ နှလုံးခွဲစိတ် အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါအထူးကုသမားတော်ကြီးများ၊ ဘွဲ့လွန်ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် အထွေထွေရောဂါကု ဆရာဝန်များ တက်ရောက်ဆွေးနွေးကြသည်။ ယင်း Nikoran နှလုံးဆေးကို Torrent (India) မှ ထုတ်လုပ်ပြီး သောက်ဆေး 5mg/10mg tablet နှင့် ထိုးဆေး Injection 2mg/48mg များကို မြန်မာနိုင်ငံတွင် Lifeline Co.,Ltd.မှ တင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း   နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဆယ်စုနှစ်၏ ဆွဲဆောင်မှုအရှိဆုံးမင်းသမီး ဂျနီဖာအင်နစ်စတန်

အမေရိကန်မင်းသမီး ဂျနီဖာအင်နစ်စတန်သည် ဆယ်စုနှစ်၏ ဆွဲဆောင်မှုအရှိဆုံးနှင့် ရေပန်းအစားဆုံးမင်းသမီးအဖြစ် Spike TV ပရိသတ်များ၏ ရွေးချယ်ချီးမြှင့်ခြင်းကို လာမည့်လတွင် လက်ခံရယူရမည် ဖြစ်သည်။

အသက် (၄၂)နှစ်ရှိပြီဖြစ်သော်လည်း နုပျိုလှပဆဲ၊ ဆွဲဆောင်မှုရှိနေဆဲ ဂျနီဖာသည် အောင်မြင်မှု၊ ကျော်ကြားမှုများနှင့်အတူ မိမိတို့ Spike TV ပရိသတ်များ၏ ရွေးချယ်ချီးမြှင့်သည့်ဆုကို ထိုက်ထိုက်တန်တန် ရရှိသွားခြင်းဖြစ်ကြောင်း Spike TV ဒုတိယဥက္ကဋ္ဌ ကာဆီပတ်တာဆန်က ပြောကြားသည်။

ဆယ်စုနှစ်၏ ဆွဲဆောင်မှုအရှိဆုံး မင်းသမီးဆုကို ယခင်က ဟာလီဘယ်ရီ၊ ချာလိစ်သီရွန်နှင့် ကင်မရွန်းဒိုင်ရက်စ်တို့က ရရှိခဲ့ဖူးသည်။ ယခုအကြိမ် ရွေးချယ်မှုတွင် ဂျနီဖာသည် အခြားနာမည်ကြီး မင်းသမီးများဖြစ်သော နာတာလီပေ့ါမန်း၊ မီလာကူးနစ်၊ ရိုစီဟန်သီတန်ဝှိုက်တလေနှင့် မင်ကာကီလီတို့ကို ကျော်ဖြတ်၍ ရရှိခဲ့ခြင်း ဖြစ်သည်။ ဂျနီဖာသည် ၁၉၉၅ ခုနှစ်က ပီးပဲလ်မဂ္ဂဇင်းက ရွေးချယ်ချီးမြှင့်သည့် အလှဆုံး အမျိုးသမီးဆုကိုလည်း ရရှိခဲ့ဖူးသည်။

ဂျနီဖာသည် ရုပ်ရည်ချောမောသည့် မင်းသမီးတစ်ဦးဖြစ်သောကြောင့် ပုရိသယောကျ်ားများ၏ စွဲလမ်းနှစ်သက်ခြင်းခံခဲ့ရသကဲ့သို့ ချစ်သူရည်းစားများကိုလည်း တစ်ယောက်ပြီးတစ်ယောက် တွဲခဲ့သည်။ သူမသည် ၂၀၀၀ ပြည့်နှစ်က မင်းသား ဘရက်ပစ်နှင့်လက်ထပ်ခဲ့ပြီး ၎င်းတို့၏ မင်္ဂလာပွဲမှာ ဟောလိဝုဒ်တွင် အကျော်ကြားဆုံးနှင့် အခမ်းနားဆုံးဖြစ်သကဲ့သို့ ကွာရှင်းပြတ်စဲကြသည့် ၂၀၀၅ ခုနှစ်တွင်လည်း မီဒီယာများအကြား အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်။ ကွာရှင်းရသည့်အကြောင်းမှာ မင်းသား ဘရက်ပစ်နှင့် မင်းသမီးအင်ဂျလီနာဂျိုလီတို့ Mr. & Mrs. Smith ဇာတ်ကားရိုက်ကူးရင်း ငြိစွန်းခဲ့ပြီး တရားဝင်လက်ထပ်သွားသောကိစ္စဖြစ်သည်။ ယင်းကိစ္စမှာ မီဒီယာများအကြား ရေပန်းအစားဆုံးသတင်းအဖြစ်နှင့် ပြီးမသွားဘဲ ပရိသတ်များအကြား အင်နစ်စတန်အုပ်စုနှင့် ဂျိုလီအုပ်စုဟူ၍ ပေါ်ထွက်လာခဲ့ပြီး တီရှပ်အင်္ကျီများပင် အပြိုင်အဆိုင်ရောင်းချခဲ့ရာ အင်နစ်စတန်အုပ်စု၏အင်္ကျီများက ပို၍ အရောင်းသွက်ခဲ့သည်။

ဂျနီဖာသည် ၁၉၉၃ ခုနှစ်မှစ၍ ရုပ်ရှင်အနုပညာလောကသို့ ရောက်ရှိလာပြီး ဟောလိဝုဒ်တွင် နာမည်ကျော်ဇာတ်ကားပေါင်း ၃၀ နီးပါး ရိုက်ကူးခဲ့ပြီး ထင်ရှားသော ဇာတ်ကားများမှာ ၂၀၀၃ ခုနှစ်က Bruce Almighty၊ ၂၀၀၈ ခုနှစ်က Marley &Me နှင့် ယခုနှစ်စောစောပိုင်းက Just Go with it ဇာတ်ကားများဖြစ်သည်။ ဂျနီဖာ၏ ပရိသတ်များအနေဖြင့် လာမည့်ဇူလိုင်လတွင် ရုံတင်ပြသမည့် Horrible Bosses ဇာတ်ကားတွင် သူမ၏ ဆွဲဆောင်မှုရှိသော ရင်ခုန်ဖွယ်ရာ ဇာတ်ဝင်ခန်းများကို ရှုစားကြရမည်ဖြစ်ပါကြောင်း။

အင်တာနက်။

အောဝမ်းစိုး

☆ကျောဖုံးမှ

နာယကဂုဏ် ခြောက်ပါးနှင့်အညီ ကိုယ်တိုင်စံပြအဖြစ် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင်နေထိုင်ကြရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၅/၂၀၁၁) ဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့ဝင်း၊ ဒုတိယဆုရ နေပြည်တော် အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြင့်မြင့်စန်းနှင့် တတိယဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြင့်မြင့်အေးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးရေး လုပ်ငန်းများ ပိုမိုမြန်ဆန်သက်သာစေနိုင်ရန် ဖြေလျော့ပေးနိုင်မည့် နည်းလမ်းများ ရှာဖွေပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၁

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေ စာရင်းထုတ်ပေးရေးလုပ်ငန်းများ ပိုမိုမြန်ဆန်သက်သာစေနိုင်ရန် ဖြေလျော့ပေးနိုင်မည့် နည်းလမ်းများ ရှာဖွေပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အတွင်း နေထိုင်သည့် နိုင်ငံသား ဖြစ်သင့်သူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် တာဝန်ရှိသကဲ့သို့ ဥပဒေကြောင်းအရ နိုင်ငံသား မဖြစ်သင့်သူတစ်ဦးအား မှားယွင်းအတည်ပြုမှု မဖြစ်စေရေးအတွက်လည်း စနစ်တကျ စိစစ်ရန် အဓိကတာဝန်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် စိစစ်ရသည့် အချက်အလက်၊ အထောက်အထားများမှာလည်း တိကျမှန်ကန်မှု ရှိရမည်ဖြစ်ပြီး အချိန်ယူ စိစစ်ဆောင်ရွက်ရသည့် အခြေအနေတွင် ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဌာနများမှ ရယူရမည့် အထောက်အထားပြည့်စုံစွာ ပါရှိပါက သတ်မှတ်အချိန်၊ သတ်မှတ်ငွေကြေးအတိုင်း မဖြစ်မနေ ဆောင်ရွက်ပေးရေးအတွက် စီစဉ်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ရာတွင် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို မကျော်လွန်စေဘဲ ဖြေလျော့ပေးနိုင်မည့် နည်းလမ်းများကို ဌာနဆိုင်ရာ လုပ်ငန်းများနှင့် ချင့်ချိန်၍ လည်းကောင်း၊ အတွေ့အကြုံနှင့် ထင်မြင်ယူဆချက်များအပေါ် ချင့်ချိန်၍ လည်းကောင်း ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဌာနအလိုက် ဖြေလျော့ပေးနိုင်မည့် အချက်အလက်များနှင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ စကြဝဠာမှ

စကြဝဠာရောင်ခြည်များသည် အာကာသမှ ကမ္ဘာသို့ အလင်းသွားနှုန်းဖြင့် ရောက်ရှိလာကြသည်။

စကြဝဠာရောင်ခြည်များသည် ကမ္ဘာအနီးသို့ ရောက်ရှိလာချိန်တွင် လေထု မော်လီကျူးများနှင့် ပေါင်းဆုံကာ စွမ်းအင်လျော့ပါးသွားပြီး စွမ်းအင် အတန်အသင့်ရှိသည့် တစ်ဆင့်ခံရောင်ခြည်များအဖြစ် ပြောင်းလဲသွားသည်။

ယင်းရောင်ခြည်များသည် အပင်နှင့် တိရစ္ဆာန်တို့၏ မျိုးဗီဇသန္ဓေပြောင်းလဲမှုကို ဖြစ်ပေါ်နိုင်သည်။

အလေးချိန် ခုနစ်တန်ရှိ အဆိုပါကိရိယာကို Alpha Magnetic Spectrometer ဟု အမည်ပေးထားသည်။

အာကာသအတွင်းပိုင်းမှ လွင့်မျောလာသော စကြဝဠာရောင်ခြည်များကို ထောက်လှမ်းလေ့လာနိုင်ခြင်းဖြင့် စကြဝဠာဖွဲ့စည်းပုံနှင့် တရွေ့ရွေ့ ပြောင်းလဲလာပုံတို့နှင့် ပတ်သက်၍ ပိုမိုနားလည်လာမည်ဖြစ်သည်။

စကြဝဠာရောင်ခြည်လှိုင်းများအား ထောက်လှမ်းလေ့လာရန် စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ၁၅ နှစ်ကြာမျှ ဦးဆောင်လာခဲ့သူမှာ နိုဘယ်ဆုရ ရူပဗေဒပညာရှင် ဆင်မြူယယ်လ်တင်ဖြစ်သည်။ ***အင်တာနက်။***

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ (၂၅) ရက် မှ (၃၁) ရက်ထိ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၌ ပြုလုပ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး အနောက်ရပ်ကွက်ရှိ အင်းစိန်လမ်းနှင့် အုန်းပင်လမ်းတို့၌ ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေး ဟောပြောနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို လမ်းမတော်၊ မြောက်ဥက္ကလာပ၊ သာကေတနှင့် လှိုင်သာယာမြို့နယ်တို့၌ ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ပြုလုပ်သည်။

ယင်းနောက် မြို့တော်ဝန်သည် လမ်းမတော်မြို့နယ် လမ်းသစ်လမ်းရှိ ကျုံးကြီး ရေနုတ်မြောင်း၊ ကမာရွတ်မြို့နယ် စေတနာသုခလမ်းရှိ ရေနုတ်မြောင်းနှင့် ခိုင်ရွှေဝါ(ဗဟိုလမ်း)ရှိ ကမာရွတ်ချောင်း ရေနုတ်မြောင်းများ၊ မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်းဆုံအနီး၊ ပါရမီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းရှိ လူသွားစင်္ကြံများ ကွန်ကရစ်အခင်းသစ်များ ခင်းနေမှု၊ သုမင်္ဂလာလမ်းရှိ ကျိုက္ကဆံချောင်း ရေနုတ်မြောင်းနှင့် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ ခုနစ်ပင်လိပ်ချောင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် အင်းစိန်လမ်း၌ ပြုလုပ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့တော်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

ကလေးဘဝမှစ၍ သန့်(၄)သန့်နှင့်ဆိုင်သော ကျန်းမာရေးနှင့် ညီညွတ်သည့်အပြုအမူများ ပျိုးထောင်ရေး ပြည်သူလူထုကို ဟောပြောစည်းရုံးရန်နှင့် ပြည်သူလူထုကလည်း တိကျစွာလိုက်နာရန် လိုအပ်

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံတွင် ပြည်သူလူထုအတွက် ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အညစ်အကြေးများအား ကျန်းမာရေးနှင့်ညီညွတ်စွာ စွန့်ပစ်ရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အထူးသဖြင့် လက်သန့်ရှင်းရေးလုပ်ငန်းဟူသည့် သန့်(၄)သန့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များကို ၁၉၉၈ ခုနှစ်မှ စတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး လွှမ်းခြုံမှု အခြေအနေသည် ၂၀၁၅ခုနှစ်တွင် ပြည့်မီရမည့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ (Millennium Development Goals)၏ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြောင်း။

သဘာဝဘေးအန္တရာယ်များ တွေ့ကြုံသည့်အချိန်တွင် ရေနှင့်သန့်ရှင်းရေး လုပ်ငန်းများ အရေးပေါ် အလျင်အမြန် ဆောင်ရွက်နိုင်ခဲ့သဖြင့် ကူးစက်တတ်သော ရောဂါများမဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းဝေးရေးတို့အတွက် သန့်ရှင်းရေးနှင့် ပတ်သက်သော 'Sanitation for All' ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံး အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲရေးမူဝါဒကို ချမှတ်ဆောင်ရွက်နေကြောင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကြီး (၅)ရပ်တွင် အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူလူထု ရရှိခံစားနိုင်ရန် ပြည်သူလူထုက ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ ပြုမူကျင့်ကြံလာစေရန် အပြုအမူ ပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက ကျေးလက်ဒေသအောက်ခြေအရောက် ကွင်းဆင်းဟောပြောပညာပေး ဆောင်ရွက်လျက်ရှိကြောင်း။

ငယ်စဉ်ကလေးဘဝမှစတင်၍ သန့်(၄)သန့်နှင့် သက်ဆိုင်သော ကျန်းမာရေးနှင့်ညီညွတ်သည့် အပြုအမူများကို စတင်လေ့ကျင့် ပြုစုပျိုးထောင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေး ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများနှင့် နှီးနွှယ်ဌာနများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများက ပြည်သူလူထုကို ဟောပြောစည်းရုံး ဆောင်ရွက်ကြရန်နှင့် ပြည်သူလူထုကလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယင်လုံအိမ်သာ ဆောက်လုပ်ထိန်းသိမ်းသုံးစွဲရေးနှင့် ပတ်သက်၍ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် တိုက်တွန်းကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ် (၂၀၁၁)ဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

(အပေါ်ပုံ)

ဆက်လက်၍ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ် Ms. Juanita Vasguez က အမှာစကားပြောကြားသည်။

ယင်းနောက် World Vision Myanmar မှ National Director Mr. Christopher Paul Herink က အမေရိကန်ဒေါ်လာ ၇၆၄၆၄ တန်ဖိုးရှိသည့် ရေသန့်ဆေးထုပ်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ UNICEF၊ WHOနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁) အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

အရှိန်ပြင်းစွာမောင်းသည့် ဆိုင်ကယ် လမ်းဘေးအုတ်တိုင်နှင့် တိုက်မိ

မော်လမြိုင် မေ ၂၁

မော်လမြိုင်မြို့ မုဒုံအဝေးပြေးလမ်း ဈေးကြိုရပ်ရှိ ရထားလမ်းဖြတ် ပေါင်းကူးတံတားပေါ်တွင် လမ်းဘေးအုတ်ခုံနှင့် ဆိုင်ကယ်တိုက်မိပြီး တိမ်းမှောက်ရာ ဆိုင်ကယ်မောင်းသူ ပွဲချင်းပြီး သေဆုံးခဲ့သည့် ဖြစ်ရပ် ဧပြီ ၁၈ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဆိုင်ကယ်မောင်းသူ ချစ်ဦး (၄၄)နှစ်သည် အခင်းဖြစ်ပွားသည့်နေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ကျိုက္ခမီလမ်းအတိုင်း ဒေါင်းဇရပ်ဓာတ်ဆီဆိုင်ဘက်မှ ဈေးကြိုဘက်သို့ STEP-125 အော်တိုဂီယာ ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် ဒေါင်းဇရပ်မီးရထား ပေါင်းကူး ကားလမ်းဘေးဖြူနီကြားအုတ်တိုင်ကို အရှိန်ပြင်းစွာဝင်တိုက်မိရာ ဆိုင်ကယ်တိမ်းမှောက်သွားခဲ့ပြီး ဦးခေါင်းနှင့်မျက်နှာများတွင် ဒဏ်ရာပြင်းထန်စွာရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ယင်း မတော်တဆဖြစ်မှုကို မုပွန်ရဲစခန်းက (ပ)၁၃၁/၂၀၁၁၊ ပုဒ်မ-၃၀၄(က)အရ အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

မော်လမြိုင်မြို့ပေါ်တွင် ဆိုင်ကယ်စီးရေ သိန်းကျော်ရှိရာ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ တာဝန်ရှိသူများက ပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်းများနှင့် အရှိန်ပြင်းစွာ မဆင်မခြင် မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ၊ ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ အရေးယူခြင်းများကိုပါ ဆောင်ရွက်နေရကြောင်း သိရသည်။

(၃၉၃)

ကားနောက်ဘီးဖြင့် ကြိတ်မိ၍ ယာဉ်နောက်လိုက်သေဆုံး

မိတ္ထီလာ မေ ၂၁

မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းနယ်မြေတွင် မေ ၁၃ ရက်က မိတ္ထီလာ-တောင်ကြီး ကားလမ်းမိုင်တိုင်အမှတ် ၃၇/၆ အနီးတွင် ကိုပေါက်မောင်းနှင်သည့် ၄ခ/၅၉၅၃ မှန်လုံဘုရားဖူးယာဉ်သည် လမ်းဘေးသစ်ပင်အား ဝင်တိုက်မိရာမှ ကားလမ်းပေါ်ပြန်တက်စဉ် ယာဉ်နောက်လိုက် အရှည်ကြီး(ခ) ဖြိုးဝေဦး (၁၆)နှစ်မှာ ကားနောက်ဘီးဖြင့် ကြိတ်မိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ယာဉ်မောင်း ကိုပေါက် မှာ ထွက်ပြေးသွားခဲ့ရာ ယင်းမာပင်ရဲစခန်းက ယာဉ်မောင်းကိုပေါက်အား ရဲစခန်း(ပ) ၄၉/၂၀၁၁ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

(၁၁၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အပြန်လမ်းအတွက်ပြင်ဆင်လိုက်တာပါ" တရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၉)**
၈း၄၅	သာသနာရောင်ဝါထွန်းသည့် တွံတေးမြို့နယ်ဘုရားကြီးရွာ၏ အလှူတော်မင်္ဂလာ
၉း၀၅	ပျော်ရွှင်ဆင်နွဲပုဂံမြေမှ အာမိုရဲ့အောင်ပွဲ
၉း၂၀	မကွေးမြို့ရဲ့ တိုးတက်မှုပုံရိပ် ကောင်းတစ်ခု ကောင်းမွန်အထူးကုဆေးရုံကြီး
၉း၃၀	Sunday Talk
၁၀း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၀	ဈေးဝယ်လမ်းညွှန်
၁၁း၂၀	အမျိုးသမီးများနှင့် ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ
၁၁း၄၅	ဗန်းကောက်မြို့မှ အလှူတရားများ
၁၂း၁၀	Sports Diary
၁၂း၃၅	ဒါနခြိမ့်သဲသံတွဲမြို့ရဲ့ ပုလဲကျောင်းအလှူပွဲ
၁း၀၀	"အပြန်လမ်းအတွက်ပြင်ဆင်လိုက်တာပါ" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၃၀	လွယ်ကူသက်သာ စားစရာ "သကြား Puff ပြုလုပ်နည်း"
၃း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၉)**
၄း၅၀	FMF Selection
၅း၂၀	Eushido နှင့်သူ၏ချစ်သူများ
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂)**
၇း၂၅	သွားမယ်စားမယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၉း၃၀	Barclays Premier League (Man U Vs Blackpool)
၁၁း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၀)**
၁၂း၁၅	ဟိုတယ်လမ်းညွှန်
၁၂း၅၀	ဇီဝမျိုးစုံမျိုးကွဲပြတိုက်
၁း၀၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၂၅	ဖွားချို
၁း၄၀	လှပချစ်စရာလက်မှုအနုပညာ
၂း၁၀	ခါတစ်လှည့်. . . လာလှည့်ပါ ဆိပ်ခွန်ရွာ. . .
၂း၂၀	ဖန်တီးသူနှင့်အနုပညာ
၂း၅၀	အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
၃း၁၀	မင်းကွန်းရိုးရာလက်မှုအနုပညာ
၃း၂၅	အံ့ဖွယ်လေ့လာ အသံတုပညာ
၃း၅၀	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၄း၁၀	ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ
၄း၄၀	မြန်မာ့လက်မှုအနုလက်ရာစုံစွာ. .
၄း၅၀	အံ့ဖွယ်တစ်မူ "ဆဒ္ဒန်ဂူ"
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၉း၂၅	Man U	-	Blackpool	ESPN (Live)
	Bolton	-	Man City	STAR SPORTS(Live)
၁၂း၀၀	Aston Villa	-	Liverpool	ESPN (SDD)
	Fulham	-	Arsenal	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီက ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသော မောင်ဆုရှင် မြန်မာပြန်ဆိုသည့် အိမ်တွင်းသမားတော် စာအုပ်မှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

စိုးရိမ်သောကဖြစ်ခြင်း (ANXIETY)

စိုးရိမ်သောကဖြစ်ခြင်းသည် ဘဝ၏ စိန်ခေါ်မှုများကို သဘာဝကျကျ တုံ့ပြန်မှုတစ်မျိုးဖြစ်သည်။ စိုးရိမ်ကြောင့်ကြ အနည်းငယ်ဖြစ်ခြင်းသည် ကောင်း၏။ ထိုစိတ်ဖြင့် မိမိကိုယ်ကိုယ် အားပေးရာရောက်နိုင်သည်။ သို့ရာတွင် စိုးရိမ်သောကကြီးလွန်းလျှင်ကား ထိန်းမနိုင်၊ သိမ်းမရအထိ ဖြစ်နိုင်သည်။ ဘာရယ်မဟုတ်ဘဲ ဖြစ်နေခြင်း၊ အကြောက်လွန်ခြင်း၊ နောက်ဆက်တွဲ စိတ်ဖိစီးမှုဖြစ်ခြင်းနှင့် နေမထိထိုင်မထိ စိတ်မပူပန်ဘဲ မနေနိုင်ဖြစ်ရခြင်းတို့ကို ကြုံရသည်။ ပူပန်မှုလက္ခဏာများကြုံရပါက ဆရာဝန်များနှင့် ပြသရန် လိုအပ်ပြီး ဆေးဝါးမှီဝဲရန်လည်း လိုအပ်ချက်ရှိနိုင်သည်။

စိုးရိမ်ကြောင့်ကြမှုနှင့် စိုးရိမ်ပူပန်သောကတို့အကြား နှစ်ဖက်စွန်း၏အလယ်၌ စိတ်အနေအားဖြင့် ကြုံရဆုံရသူတို့မှာ သန်းပေါင်းများစွာ ရှိကြသည်။ စိုးရိမ်မှုများသူရှိသလို တကယ်တမ်း ရောဂါ မဖြစ်သေးသူတို့ ရှိကြသည်။ အမြဲတမ်းပူပန်ကြောင့်ကြ ဖြစ်နေရတတ်သူတို့မှာ နေ့စဉ်ကိစ္စများ၌ ဟန်မပျက် ကျင်လည်နိုင်သော်လည်း သူတို့၏ စိတ်အနေနှင့် ရုပ်ပိုင်းအနေအထားကို စိုးရိမ်မှုက တတိတိ တိုက်စားပစ်ခြင်းကို ခံရလျက်ရှိသည်။ ထိုကဲ့သို့ လွန်ကဲသော စိတ်အနေရှိသောအခါ စိတ်ကျရောဂါ၊ နှလုံးရောဂါနှင့် အခြားကျန်းမာရေးပြဿနာများဖြစ်ဖို့ နီးစပ်လာလေသည်။ အောက်ပါတို့မှာ စိုးရိမ်ကြောင့်ကြ လွန်ကဲတတ်သူများအတွက် ကိုင်တွယ်ဖြေဖျောက်နိုင်ရန် နည်းလမ်းများ ဖြစ်သည်-

- *ထွက်သက်၊ ဝင်သက်လေကို ပုံမှန်ဖြစ်အောင် ရှူခြင်းသည် စိုးရိမ်သောကတိုက်ဖျက်ရေးအတွက် အထိရောက်ဆုံးနည်းဖြစ်သည်။ သောကပြေပျောက်ရန် နှာခေါင်းမှ လေးစက္ကန့်မျှ အသက်ရှူပြီး ခုနစ်စက္ကန့်မျှ အသက်အောင့်ထားပါ။ ထို့နောက် ပါးစပ်မှ ရှစ်စက္ကန့်မျှကြာအောင် လေကို ရှူထုတ်ပါ။ ထိုနည်းဖြင့် နေ့စဉ် တစ်မိနစ်မျှကြာအောင် ထွက်လေ၊ ဝင်လေကို မကြာခဏလေ့ကျင့်ပါ။*
- *တစ်ကိုယ်ထီးတည်းနေခြင်းသည် စိုးရိမ်ပူပန်စရာဖြစ်၏။ စားသောက်ဆိုင်၊ ကုန်ပဒေသာဆိုင်၊ စာကြည့်တိုက်သို့ သွားပြီး တွေ့ရာတစ်ဦးဦးနှင့် စကားဖောင်ဖွဲ့ပါ။ မိတ်ဆွေသူငယ်ချင်းဖြစ်စေ၊ ဆွေမျိုးသားချင်းနှင့်ဖြစ်စေ၊ ဆက်သွယ်စကားပြောပါ။ လူသူနှင့် အဆက်အဆံရှိလျှင် စိုးရိမ်ပူပန်စိတ်လျော့သွားနိုင်သည်။*
- *နေ့စဉ်အားဖြင့် သုံးလေးကြိမ်မျှ စိတ်တည်ငြိမ်မှု တည်ဆောက်သောအားထုတ်မှု တစ်မျိုးမျိုးကိုပြုလုပ်ပါ။ စိတ်ထဲက ဂါထာမန္တာန်ဖြစ်ဖြစ် အာရုံပြုရင်ပြု၊ စိတ်ကို ဟင်းလင်းထားချင်ထား၊ ကိုယ့်စိတ်ကြိုက် အဆင်ပြေတာကို လုပ်ပါ။*
- *လောလောဆယ်ဖြစ်နေသော ကိစ္စကို အာရုံထားပါ။ ပြီးခဲ့တာ၊ ရှေ့ဖြစ်မယ့်ဟာများကို မတွေးပါနှင့်။ တစ်နေ့တာ အချိန်ရရ၊ တစ်နာရီအချိန်ရရ၊ တစ်မိနစ်ပဲအချိန်ရရ ဤအတိုင်း စိတ်မှာအာရုံထားပါ။*
- *ပြဿနာတစ်ရပ်ရပ်ကို လက်တွေ့ဖြေရှင်းနိုင်ရန် စီမံချက်တစ်ရပ်ချပါ။ ငွေစုဘဏ်စာရင်း စ၍ဖွင့်လျှင်ဖွင့်၊ အလုပ်ကိစ္စကို ဆွေးနွေးသုံးသပ်လိုက သုံးသပ်၊ လက်တွေ့ချ၍ လုပ်ကိုင်လုပ်ကိုင် စိုးရိမ်ဖွယ်ကိစ္စတို့ကို လျော့ပါးသွားစေမည်။*
- *အကြောင်းမဲ့စိုးရိမ်ခြင်းသည် အခြေအနေအမှန်ကို မသိသောကြောင့် ဖြစ်ရသည်များလည်း ရှိသည်။ ကိုယ့်ကိုနှုတ်မဆက်ဘဲ မသိကျိုးကျွန်ပြုသွားသည်ကို ကြုံလိုက်ရလျှင် ငါ့ကို ဂရုမစိုက်ဘဲနေသည်ဟု စိတ်မကောင်းမဖြစ်သင့်။*
- *အာရုံထွေပြားမှုဖြစ်စရာ အကြောင်းများကို ရှောင်ဖို့လိုသည်။ ကိုယ့်ကို အပြိုင်အဆိုင် စိတ်ရှုပ်အောင်ပြုလုပ်နေသောသူများနှင့် ကိစ္စများကို မေ့ထားပြီး ဝေးဝေးသို့ ရောက်အောင်သွား၊ ဝေးဝေးလေးနေပေးပါ။ ရက်အနည်းငယ်မျှ သတင်းစကားတို့နှင့် ဝေးဝေးနေပါ။ ကိုယ်ရေးကိုယ်တာ စိုးရိမ်ကြောင့်ကြဖွယ်များ လျော့သွားမည်။*
- *မိမိကိုယ်ကိုယ် မေးကြည့်ပါ။ "အဆိုးဆုံး ဘာဖြစ်နိုင်မည်လဲ" "အဲဒီအဖြစ်က ဘယ်လောက်ဆိုးမှာလဲ" "အဆိုးဆုံးဖြစ်ဖို့ အကြောင်းတွေ ဘယ်လိုရှိသလဲ" ဟူ၍ဖြစ်သည်။ ထင်သောအခြေအနေမှာ တကယ်ဖြစ်လာသောအခါ ဤသို့မဆိုးတတ်၊ ထိုမျှမက တကယ်တမ်းဖြစ်ချင်မှလည်း ဖြစ်လိမ့်မည်။ နောက်ပိုင်း၌ 'ငါဘာဖြစ်လို့ ဒီလိုစိုးရိမ်မိတာပါလိမ့်' ဟူ၍ပင် တွေးမိတတ်သည်။*
- *ကိုယ့်မှာ စိုးရိမ်ကြောင့်ကြဖြစ်ရမှုများကို ဒိုင်ယာရီရေးသလို ရေးမှတ်ပါ။ သို့မဟုတ် စာရွက်ပေါ်တွင် ချ၍ ရေးထားပါ။ ထိုသို့ ချ၍ရေးကြည့်လိုက်လျှင် စိုးရိမ်မကင်းမှုလျော့သွားပြီး စိတ်အေးသွားစရာ အကြောင်းရှိသည်။*
- *"ညအိပ်ချိန်တွင် အားလုံးကို ဖြေလျှော့ပြီး သက်သက်သာသာ အနားယူဖို့ပြင်ဆင်ပါ"။ အိပ်ရာမဝင်မီ မိနစ် ၃၀၊ ၅၀ မျှ တိတ်တိတ်ဆိတ်ဆိတ်ဖြင့် အေးအေးလူလူလုပ်ရသော အလုပ်တစ်မျိုးမျိုးကို လုပ်သင့်သည်။ ဥပမာ-ဝတ္ထုတစ်အုပ်ဖတ်ခြင်း၊ တီဗွီဇာတ်မြူးတစ်ခုကို ကြည့်ခြင်းကဲ့သို့ အလုပ်မျိုးဖြစ်သည်။ အိမ်တွင်းမှု သိမ်းဆည်းရေးကဲ့သို့ အလုပ်မျိုးကားမဖြစ်သင့်။*
- *ကိုယ့်မှာ ဖြစ်တတ်သော စိုးရိမ်မှုများကို အခြားအမြင်တစ်မျိုးဖြင့် မြင်ကြည့်ပါ။ "ဒီလိုဖြစ်တာ ဘယ်လောက်ရယ်စရာကောင်းသွားလဲ"၊ "ဒီလိုကြောင့်ကြမှုမျိုးကို နောင်နှစ်နှစ်လောက်ကြာလို့ ကိုယ့်ဘာသာပြန်တွေးမိရင် ရယ်မောစရာဖြစ်တော့မှာပဲ" ဟူသော အတွေးမျိုးကို တွေးကြည့်ဖို့ဖြစ်သည်။ ကြည်သာရွှင်ပျ ရယ်မောတတ်ခြင်းသည် စိုးရိမ်ဖွယ်အကြောင်းကိစ္စကို ချက်ချင်းသက်သာစေသည်။*
- *စိုးရိမ်စရာကို တစ်ယောက်တည်းမခံစားပါနှင့်။ ပြောရင်းဖြင့် ပြဿနာ၏အဖြေများ ရလာတတ်ပြီး ကိုယ့်ပြဿနာမှာ ထင်သလောက်မကြီးလှသည်ကို သဘောပေါက်ရလိမ့်မည်။* **(ဆက်လက်ဖော်ပြပါမည်။)**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၁

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲတွင် Excellent Unity အသင်းက ခေတ်သစ်မြန်မာအသင်းအား နှစ်ပွဲ-တစ်ပွဲဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားတစ်ဦးချင်းအကြိုဗိုလ်လုပွဲတွင် ခင်မောင်ဝင်းက ဇော်ဆန်းဦးအား ၆-၀၊ ၆-၁ ဖြင့် နိုင်ပြီး မြတ်ခိုင်က မျိုးလွင်ဦးအား ၆-၁၊ ၆-၄ ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားကြသည်။

အမျိုးသားနှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲတွင် ခင်မောင်ဝင်းနှင့် အောင်မိုးအတွဲက မျိုးလွင်ဦးနှင့် ညီညီထွန်းအတွဲအား ၆-၀၊ ၇-၅ ဖြင့် နိုင်ပြီး အေးထွန်းနှင့်မြတ်ခိုင်အတွဲက စိုးမင်းလတ်နှင့် ဝင်းထက်ပိုင် အတွဲအား ၆-၁ ၊ ၆-၂ ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားကြသည်။

Mixed Doubles အကြိုဗိုလ်လုပွဲတွင် အေးထွန်းနှင့် ဖူးဖူးအတွဲက စိုးမင်းလတ်နှင့် နှင်းဖြူအတွဲအား ၆-၁၊ ၆-၁ ဖြင့် နိုင်ပြီး အောင်မိုးနှင့်ချစ်စုရည်အတွဲက ဇော်ဝင်းထွန်းနှင့် ညီလာဝင်းအတွဲအား ၆-၁၊ ၆-၁ ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားကြသည်။

ဗိုလ်လုပွဲများကို မေ ၂၂ ရက် နံနက် ၈ နာရီတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲကို ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇေယျာရွှေမြေနှင့် ရောဝတီယူနိုက်တက်တို့ အမှတ်ခွဲယူ

ရန်ကုန် မေ ၂၁

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၈)ကို ယနေ့ ညနေပိုင်းက မုံရွာကွင်း၊ KBZ ကွင်း၊ သုဝဏ္ဏကွင်းနှင့် ဗထူးကွင်းတို့တွင် တစ်ပြိုင်တည်း ကျင်းပရာ ကမ္ဘောဇအသင်းနှင့် လက်ရှိချန်ပီယံရတနာပုံတို့ နိုင်ပွဲများ ရရှိခဲ့ကြပြီး ဇေယျာရွှေမြေနှင့် ရောဝတီယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် Southern Myanmar တို့ပွဲမှာ သရေပွဲများဖြစ်သွားသည်။

(မုံရွာကွင်း)

ရောဝတီယူနိုက် - တစ်ဂိုး
(မင်းမင်းသူ)

ဇေယျာရွှေမြေ - တစ်ဂိုး
(ကျော်ကိုကို)

လက်ရှိ MNL ပြိုင်ပွဲတွင် ခြေစွမ်းပြပြီး ရှုံးပွဲမရှိသေးသည့် ရောဝတီယူနိုက်တက်အသင်းမှာ ယခုပွဲတွင်လည်း အိမ်ရှင်ဇေယျာရွှေမြေအသင်းထံမှ အမှတ်ခွဲယူကာ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ နည်းပြသစ် ဂျိုးဇက်ဟီရုပ်လ်လက်ထက်တွင် အကောင်းဆုံးပုံစံရရှိနေသည့် ရောဝတီယူနိုက်တက်အသင်းမှာ ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့သလို နောက်တန်းလူများနှင့် ဂိုးသမားတို့ အစွမ်းပြနိုင်ခဲ့၍လည်း အဝေးကွင်းတွင် အမှတ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးဇယားထိပ်ဆုံးတွင်ရှိနေသည့် ရန်ကုန်အသင်း၏ နိုင်ပွဲပျောက်ဆုံးမှုကို ဇေယျာရွှေမြေအနေဖြင့် ယနေ့ပွဲတွင် အခွင့်ကောင်း မယူနိုင်ခဲ့ပေ။ နိုင်ပွဲပြန်လည်ရရှိရေးအတွက် လူစုံထုတ်၍ ကြိုးစားခဲ့သော်လည်း ရောဝတီအသင်း၏ ခံစစ်ပိုင်းကို မကျော်နိုင်၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပွဲအစ ၉ မိနစ်တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့် မင်းမင်းသူက ရောဝတီအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ဇေယျာရွှေမြေအတွက် ချေပဂိုးကို မိနစ် ၂၀ တွင် ကျော်ကိုကိုက ပြန်လည်သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)

Southern Myanmar - တစ်ဂိုး
(ဇော်ခါး)

ရန်ကုန်ယူနိုက်တက် - တစ်ဂိုး
(ချာလက်စ်အိုဘီ)

အသင်းကြီးများနှင့် တွေ့ဆုံလျှင် အမှတ်ရအောင်ယူလေ့ရှိသည့် Southern အသင်းမှာ ရန်ကုန်အသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သည်။ Southern အသင်းမှာ ရတနာပုံ၊ ဇေယျာရွှေမြေတို့ကို သရေကစားပြီးနောက် ရန်ကုန်အသင်းကိုပါ သရေကစားနိုင်ခဲ့ခြင်းဖြစ်သည်။ ၅၁ မိနစ်တွင် ဇော်ခါးက Southern အတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ ရန်ကုန်အသင်းမှာ လူစုံထုတ်ပြီး ယှဉ်ပြိုင်ကစားခဲ့သော်လည်း အကောင်းဆုံးပုံစံမရခဲ့ဘဲ ၇၅ မိနစ်တွင် ချာလက်စ်အိုဘီက ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ ၈၄ မိနစ်တွင် ဂျူဗိနယ်၏ ပယ်နယ်တီကို Southern ဂိုးသမား ပြည့်ဖြိုးအောင်က ကာကွယ်နိုင်ခဲ့၍ ရန်ကုန်တို့ နိုင်ပွဲပျောက်ခဲ့ရခြင်းဖြစ်သည်။

(KBZ ကွင်း)

ကမ္ဘောဇအသင်း - တစ်ဂိုး
(ကျော်ဇေယျာဝင်း)

ဥဿာယူနိုက်တက် - ဂိုးမရှိ

၂၂ မိနစ်တွင် သွင်းယူခဲ့သော ကျော်ဇေယျာဝင်း၏ဂိုးဖြင့် ကမ္ဘောဇအသင်းမှာ အိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး ယမန်နှစ်က ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။

(ဗထူးကွင်း)

ရတနာပုံ - တစ်ဂိုး
(အက်စလေ)

မနောမြေ - ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက် - မကွေး
(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက် - နေပြည်တော်

ဇေယျာရွှေမြေနှင့် ရောဝတီယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားချီးမြှင့်စဉ်။ (၁၉)

အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မေ ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက သိမ်ဖြူ မြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီတွဲဖက်အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အရှေ့တောင်အာရှဟော်ကီနိုင်ငံများက သံမှူးများပါဝင်ယှဉ်ပြိုင်သည့် အသင်းများမှ တာဝန်ရှိသူများ၊ ဟော်ကီအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အမျိုးသားပတ်လည် အမှတ်ပေးပြိုင်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက ကက(လေ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်က လည်းကောင်း၊ ဒုတိယဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းအား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်ကလည်းကောင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား အဖွဲ့ချုပ်ဥက္ကဋ္ဌက ဆုတံဆိပ်များ ချီးမြှင့်သည်။

ထို့နောက် နေရာအလိုက် အကောင်းဆုံးဆုရ အားကစားသမားများအား ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ပွဲစဉ်အားလုံးတွင် အကောင်းဆုံးဆုရ အားကစားသမားအား ရန်ကုန်တိုင်းဒေသကြီး အားကစားဝန်ကြီးဌာန ဝန်ကြီးက လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားနှင့် ဆင့်ပွားဆုဖလားကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၁၉)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မေ ၂၁

ဦးအောင်မိုးကြည်(ဘဏ္ဍာ/အခွန်)သည် တပ်မတော်ရေပြာဂေါက်ကွင်း(နေပြည်တော်)၌ ကစားဖော်များဖြစ်ကြသော ဦးဝင်းမြင့်(ဘဏ္ဍာ/အခွန်)၊ ဦးအေးမင်း(ဘဏ္ဍာ/အခွန်)တို့နှင့် ကစားစဉ် ၁၇၈ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၆)သို့ Pro-V1 No-2 ဘောလုံးကို Honma Twin Mark Iron No-5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။(ကြေးမုံ)

ဘာရာဇီးတိုက်စစ်မှူးနေမာ ချယ်လ်ဆီး၏ ကမ်းလှမ်းမှုကို မျှော်လင့်နေ

ဆာအိုပေါ်လို မေ ၂၁

ဘရာဇီးအသင်းတွင် ခြေစွမ်းပြနေသည့် ဆန်းတို့စ်တိုက်စစ်မှူးနေမာသည် ဥရောပသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြနေပြီး ချယ်လ်ဆီးအသင်း၏ ဒုတိယအကြိမ်ကမ်းလှမ်းမှုကို မျှော်လင့်နေသည်ဟု သိရသည်။

ချယ်လ်ဆီးအသင်းသည် အသက်(၁၉) နှစ်သာရှိသေးသည့် အဆိုပါကစားသမားကို ပြီးခဲ့သည့်နွေရာသီက တစ်ကြိမ်ကမ်းလှမ်းခဲ့ဖူးသည်။ သို့သော်နေမာသည် ထိုအချိန်က ချယ်လ်ဆီး၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ဖူးသူဖြစ်သည်။ လာမည့်လတွင် နယ်သာလန်၊ ရိုမေးနီးယားတို့နှင့် ခြေစမ်းပွဲကစားမည့် ဘရာဇီးလူစာရင်းတွင် ပါဝင်နေသည့် နေမာသည် ချယ်လ်ဆီးမှ တစ်နိုင်ငံတည်းသားများဖြစ်ကြသည့် ရာမီရစ်နှင့် ဒေးဗစ်လူးဝစ်တို့နှင့် အဆက်အသွယ်ရှိနေခြင်းက ချယ်လ်ဆီးသို့ သွားရောက်ကစားလိုသည့် ဆန္ဒကို ဖြစ်ပေါ်စေသည်ဟု ဆိုသည်။

အင်တာနက်။

ချယ်လ်ဆီး၏ ဒုတိယအကြိမ် ကမ်းလှမ်းမှုကို စောင့်မျှော်နေသည့် နေမာ။

အာဆင်နယ် အသင်း ခေါင်းဆောင် ဖာဘရီဂက်စ်။

ချန်ပီယံလိဂ်ဗိုလ်လုပွဲအပြီးတွင် ဖာဘရီဂက်စ်ကို ဘာစီလိုနာကမ်းလှမ်းမည်

ဘာစီလိုနာ မေ ၂၁

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် လာမည့် မေ ၂၈ ရက်တွင် ဝင်ဘလေကွင်း၌ မန်ယူနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားရမည့် ပွဲအပြီးတွင် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်ကို ခေါ်ယူနိုင်ရေး ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်သွားမည်ဟုဆိုသည်။

ဟန်သစ်

ဒီနယ်လ်ဆင် အာဆင်နယ်အသင်းမှ ထွက်ခွာလို

လန်ဒန် မေ ၂၁

ဘရာဇီး ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင်က အာဆင်နယ်အသင်းတွင် မပျော်ပိုက်တော့၍ အသင်းမှ အမြန်ဆုံးထွက်ခွာသွားလိုကြောင်း ထုတ်ဖော်ပြောကြားလာသည်။

အသက်(၂၃)နှစ်ရှိ ဒီနယ်လ်ဆင်သည် လန်ဒန်သို့ရောက်သည်မှာ ငါးနှစ်တိုင်တိုင်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မည်သည့်ချန်ပီယံဆုဖလားမှ မရရှိသည်ကို အလွန်အမင်း စိတ်ပျက်လျက်ရှိသည်။ ဒီနယ်လ်ဆင်က မိမိအနေဖြင့် အာဆင်နယ်အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း၊ မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ ကစားသမားဝယ်ယူမှုအတွက် ငွေအမြောက်အမြားအသုံးပြုနေသော်လည်း အာဆင်နယ်က ထိုသို့မဟုတ်ကြောင်း၊ မိမိအနေဖြင့် အသင်းပြောင်းမည်ဆိုပါက ပရီမီယာလိဂ်အသင်းတစ်သင်းသို့ မဟုတ်ဘဲ စပိန်သို့မဟုတ် အီတလီသို့သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ***အင်တာနက်။***

အာဆင်နယ်အသင်းက စောစောပိုင်းတွင် ဖာဘရီဂက်စ်ကို ပေါင် ၃၅ သန်းဖြင့် ထုတ်ရောင်းမည်ဟုဆိုသော်လည်း ယခုအချိန်တွင် နည်းပြအာစင်ဝင်းဂါးက အဆိုပါစပိန်သားကို အသင်းတွင်သာ ဆက်ရှိနေစေရန် ဆန္ဒရှိနေသည်။ ဘာစီလိုနာအသင်းသည် ဖာဘရီဂက်စ်ကို ပေါင် ၂၆ ဒသမ ၅ သန်း အပြင် အသင်းရှိ ကစားသမားနှစ်ဦးကိုလည်း ထည့်သွင်းကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကိုကိုမောင်ကြီး ရေးသားသည့် ကျွန်တော်သိသော တစ်ရံရောအခါများ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၁

မြန်မာ့နိုင်ငံရေးလောကတွင် ဝါရင့်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ကိုကိုမောင်ကြီး(ဦးချစ်လှိုင်)၏ နှစ်ပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့သော ဘဝပုံရိပ်များကို မှတ်တမ်းပြုရေးသားထားသည့် "ကျွန်တော်သိသော တစ်ရံရောအခါများ"စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဖြန့်ချိရောင်းချလျက်ရှိသည်။**(ယာပုံ)**

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၅၅၀၀ ဖြင့် စာပေဗိမာန်စာအုပ်ဆိုင် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် သိမ်ဖြူလမ်း ရန်ကုန်မြို့၊ အင်းဝစာပေ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ထွန်းဦး စာပေဖြန့်ချိရေး မန္တလေးနှင့် နဂါးစာပေ မန္တလေးမြို့တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

» **ရဲတင့်၏** ပင်လယ်ကွေ့နိုင်ငံများ စစ်သုံးစရိတ် ဒေါ်လာဘီလီယံ ၁၀၀ တိုးမြှင့်

» **ဒေါက်တာခင်မောင်ညို၏** ကမ္ဘာမြေကြီးရဲ့ အနာဂတ်အတွက်မျှော်လင့်ချက် ရောင်ခြည်

» **မောင်မောင်အေး၏** ငလျင်နှင့် ဆူနာမီအပြီး ရှင်းရခက်နေသည့် အမှိုက်တောင်ပုံရာပုံ

» **တေဇာလှိုင်၏** အကြမ်းဆုံးနွေဦးစစ်ဆင်ရေးကြီး တာလီဘန်တို့ ဆင်နွှဲမည်ဟုဆို

» **လွန်းထိန်လင်း၏** မြေငလျင်များကြောင့် ဟိမဝန္တာရေခဲအိုင်များ ပေါက်ထွက်နိုင်သည်

» **မောင်မြင့်ကြွယ်၏** သင်ခန်းစာယူနိုင်မည့် နိုင်ငံတကာမှ ပုံပြင်များ ◦ ◦ ◦

စသည့် စသည့် မဖတ်မဖြစ် ဖတ်ရမည့် နိုင်ငံတကာသတင်းများ၊ နိုင်ငံတကာ ဆောင်းပါးများ၊ နိုင်ငံတကာ သုံးသပ်ချက်များ၊ ပြည်တွင်းသတင်းထွေလာနှင့် နိုင်ငံတကာ အားကစားသတင်းများပါမကျန် တစ်ပတ်အတွင်း သတင်းအားလုံး ပြည့်ပြည့်စုံစုံ ဖတ်ရှုရမည်။

ထွက်ပြီ

အမည်ပြောင်းခြင်း

အထက(၂)ဗိုလ်တထောင်၊ န၀မတန်း(ခ)မှအဖ ဦးဝင်းမောင်၏ သားမောင်နိုင်ဦးလွင်အား ယနေ့မှစ၍ မောင်မင်းခန့်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ပိုင်ရှင်များအမြန်ဆက်သွယ်ပါ

ရွှေဟင်္သာ၊ တော်ဝင်သီရိ၊ ပညာ့ဝတီ၊ ကမ္ဘာအေးဗီလာနှင့် ရန်ကုန်မြို့တွင်း အဆင့်မြင့်ကွန်ဒိုများ ငှားလိုသည်။

ဖုန်း- ၅၃၅၁၀၀၊ ၅၁၉၁၀၀

အမြန်ဝယ်လိုသည်

ဗဟန်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်းမြို့နယ်တို့တွင် လုံးချင်းမြေကွက်များ ဝယ်လိုသည်။ ပိုင်ရှင်များ အမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန်ဖုန်း- ၅၃၀၀၀၃၊ ၅၃၅၁၈၁

1. Assistant Manager (Sales & Marketing)
2. Assistant Manager (Distribution)
3. Secretary
4. Sales & Marketing Staff
5. Distribution Staff
6. Reporter

TODAY Publishing House Ltd

အိုင်တီနည်းပညာသင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၁

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူများ၊ အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများ၊ အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ အောက်ပါ အိုင်တီသင်တန်းသစ်များအား မေလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အိုင်တီအခြေခံသင်တန်းတွင် လူငယ်တိုင်းတတ်မြောက်ထားသင့်သောအခြေခံကို ပိုင်နိုင်စွာ နားလည်စေရန် လက်တွေ့လေ့ကျင့်ပေးခြင်းအပြင် အင်တာနက်နှင့် အီးမေးလ်အသုံးပြုပုံကိုလည်း သင်ပေးမည်ဖြစ်သည်။

Programming အခြေခံသင်တန်းသည် Programming နည်းပညာအား အခြေခံမှ စတင်လေ့လာလိုသူများနှင့် Professional Programmer အဖြစ် ရပ်တည်လိုသူများအတွက် စတင်တက်ရောက်သင့်သောသင်တန်းဖြစ်ပြီး Hardware & Network အခြေခံသင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်းပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ သင်ကြားပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် ပထမဦးဆုံး သင်တန်းအပ်နှံသူ ၂၀ အား သင်တန်းကြေးအထူးနှုန်းဖြင့် လက်ခံပေးသွားမည်ဖြစ်ပြီး သင်တန်းများကို Myanmar WWW Institute (M3WI)သင်တန်းတည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅၊ ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကျောင်းကုန်း၌ ယာဉ်စည်းကမ်းပညာပေး ဟောပြော

ကျောင်းကုန်း မေ ၂၁

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို မေ ၁၆ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ သစ်ဆိန့်ကုန်းအုပ်စု အေးရှားဝေါလ် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ဥပဒေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုတိယရဲမှူး အေးကျော်၊ စခန်းမှူး ရဲအုပ် သိန်းဇော်နှင့် ဥပဒေအရာရှိ ဦးအေးလွင်တို့က အသီးသီး ရှင်းလင်းပြောကြားကြောင်း သိရသည်။ (၃၆၅)

ပညာဂုဏ်ရောင် အလင်းဆောင်

သလိပ်ကြီးကျေးရွာ ပညာကဝိ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဖျာပုံ မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု သလိပ်ကြီးကျေးရွာ ပညာကဝိ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ၊ စာအုပ်စာစောင်လှူဒါန်းပွဲကို မေ ၇ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အလှူရှင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဦးငွေထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်တို့က စာကြည့်တိုက်အဆောက်အအုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင် ဒေါက်တာအောင်ကြီးနှင့် ဇနီး ဒေါက်တာခင်လှလှမိသားစုနှင့် အစ်မကြီး ဒေါ်ခင်သန်းလှတို့က စာကြည့်တိုက်အဆောက်အအုံသစ်အား လွှဲပြောင်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က လက်ခံရယူသည်။

လက်ခံရယူ

ဆက်လက်၍ အလှူရှင် ဒေါက်တာအောင်ကြီး၊ တိုင်းပြန်/ဆက် ဦးစီးမှူး ဦးငွေထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်၊ ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းနှင့် မြို့နယ်ဦးစီးမှူးဒေါ်မာမာလွင်တို့က သုတ၊ ရသ စာအုပ်စာစောင်၊ သတင်းစာဂျာနယ်မျိုးစုံ ၁၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူကြသည်။ (ခရိုင်ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် တောင်တွင်းကြီး၌ ဖွင့်လှစ်

တောင်တွင်းကြီး မေ ၂၁

တောင်တွင်းကြီးမြို့နယ် ကြို့ချောင်းအုပ်စု သစ်ဆိပ်စုကျေးရွာ အနာဂတ်ကမ္ဘာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စာနယ်ဇင်းဥက္ကဋ္ဌ ဦးဝင်းကျော်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်း၍ ခတ်ပုံကျွမ်းကျင်(၂) ဦးနိုင်ဝင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးကို ဆွေးနွေးသည်။ ယင်းနောက် အလှူရှင်များက ငွေကျပ်ငါးသိန်းခန့်တန်ဖိုးရှိ သုတ၊ ရသ စာအုပ်မျိုးစုံ ၇၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မတင်မာချို(ခ)ချိုချို[၁၂/မဘန(နိုင်)၀၉၁၇၂၇]သည် မိဘနှင့်မိသားစုများ ဆုံးမသွန်သင် ပြသမှုကို လက်မခံဘဲ မိမိသဘောဆန္ဒဖြင့် နေအိမ်မှ ဆင်းသွား၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် သူမနှင့် ပတ်သက်သော ကိစ္စအဝဝအားလုံးကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဖခင်- ဦးမောင်မောင်တင်**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူလိုပါသည်-

(က)	Newsprint Paper 48.8 Gsm (30")	3000 Tons
(ခ)	Woodfree Paper 70 Gsm (500 Shts/Pkt) (31" x 43")	300 Pkts
(ဂ)	Web Offset Ink Black	45000 Kgs
(ဃ)	Sheetfed Offset Ink Black	4500 Kgs
(င)	**P.S Negative Plate**	
	(၁) 915 x 626 x 0.3 mm	1500 Shts
	(၂) 889 x 609 x 0.3 mm	2500 Shts
	(၃) 889 x 586 x 0.3 mm	6000 Shts
(စ)	P.S Negative Plate Developer	450 Liters
(ဆ)	**Wipeon Aluminium Plate**	
	(၁) 745 x 635 x 0.24 mm	2000 Shts
	(၂) 650 x 550 x 0.24 mm	3000 Shts
(ဇ)	Coating A+B Set	720 Sets
(ဈ)	Developing Lacquer	120 Liters
(ည)	Ortho Film (Sheet) (22" x 32")(50Shts/Box)	300 Rolls
(ဋ)	Film Developer (10 Lit/Box)	100 Boxes
(ဌ)	Film Fixer (5Lit/Box)	100 Boxes
(ဍ)	**Rubber Blanket With T-Bar**	
	(၁) 890 x 625 x 1.65 mm	50 Shts
	(၂) 890 x 625 x 1.65 mm (XCel)	50 Shts
(ဎ)	Rubber Blanket (675 x 645 x 1.95)mm	100 Shts
(ဏ)	Gum Arabic	500 Liters
(တ)	**နေပြည်တော် (Imagesetter)**	
	(၁) Film (76.8 cm x 61 m)	60 Rolls
	(၂) Developer	120 Liters
	(၃) Fixer	120 Liters
(ထ)	**ရန်ကုန် (Imagesetter)**	
	(၁) Film (61 cm x 60 m)	72 Rolls
	(၂) Developer	150 Liters
	(၃) Fixer	150 Liters
(ဒ)	Fountain Solution	360 Liters
(ဓ)	Plate Cleaner	360 Liters

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ ရက်နေ့ ၁၅း၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၄၅၃၄၊ ၅၃၆၀၂၉

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် စက်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Spare Parts	-	1 Lot.
(ခ)	Web Offset Printing Machine (4 Colour)	-	1 No.
(ဂ)	CTP Machine	-	1 No.

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ ရက် ၁၅း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၃၄

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အတွက် စက်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 50 W TV.TX Transmitter - 4 Sets

(ခ) လုပ်ငန်းသုံးပစ္စည်းများ

(၁) အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ - ၉ -မျိုး

(၂) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ-၁၇ -မျိုး

(၃) ရုံးသုံးစက်ကိရိယာများ -၁၀ -မျိုး

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ ရက် ၁၅း၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၃၄

(မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ်-၃၂ အရ)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ အခန်း(၅)
၂၀၁၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၇၀
(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၁၆၂ အရ ရှုဘီစင်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် စပ်လျဉ်းသည့်အမှုအရေးတွင်)

ဦးသန်းမြင့် နှင့် ရှုဘီစင်တာအင်တာနေရှင်နယ်
(၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်နုနုခင်) ကုမ္ပဏီလီမိတက်

လျှောက်ထားသူ **လျှောက်ထားခံရသူ**

အထက်အမည်ရှုဘီစင်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အခန်း(၅)ရုံးတွင် ၂၀၁၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၇၀ ဖြင့် ဦးသန်းမြင့် (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်နုနုခင်)အမှတ်(၂)၊ သုမင်္ဂလာအိမ်ရာစီမံကိန်း၊ (၁၀)သိန်းရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူက ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၁၆၂ အရ လျှောက်ထားတင်သွင်းထားပြီးဖြစ်ပါသည်။ ယင်းလျှောက်ထားမှုကို ၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၀)ရက်နေ့ (၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်) နံနက် ၁၀ နာရီတွင် စစ်ဆေးကြားနာမည်ဖြစ်ရာ ယင်းကိစ္စတွင် အထက်ပါကုမ္ပဏီ၏ မြီရှင်ကြွေးမြီကူဆပ်သူ(သို့မဟုတ်)အစုပါဝင်သူ တစ်ဦးတစ်ယောက်တို့က အဆိုပါအက်ဥပဒေအရ ယင်းကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် အမိန့်ထုတ်ပေးခြင်းကို ကန့်ကွက်လိုလျှင် အမှုကြားနာသည့်အခါ လူကိုယ်တိုင်ဖြစ်စေ၊ ဤကိစ္စအလို့ငှာ ခန့်ထားသည့် ရှေ့နေကဖြစ်စေ ကြားနာစစ်ဆေးမည့် အဆိုပါချိန်းဆိုထားသည့်နေ့ရက်တွင် ထိုကိစ္စအတွက် လာရောက်ရန် ကြော်ငြာလိုက်သည်။ အဆိုပါကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူဆပ်သူ(သို့မဟုတ်) အစုပါဝင်သူတို့က လျှောက်လွှာ၏ မိတ္တူတစ်စောင်ကို လိုအပ်လျှင် အောက်တွင် လက်မှတ်ရေးထိုးသူထံ သတ်မှတ်ထားသည့် စရိတ်ဖြင့် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာပါသည်။

ဦးမောင်မောင်စိုး(ဘီအေ၊ အာရ်အယ်လ်)
တရားလွှတ်တော်ချုပ်ရှေ့နေ(စဉ်-၂၂၈၉)
အမှတ်-၈၃/၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ်(၃၂)အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ (မဟာလူထုဆက်သွယ်ရေးအုပ်စုလီမိတက်)၏ မြန်မာနိုင်ငံကုမ္ပဏီ ဥပဒေပုဒ်မ- ၁၆၂ အရ လျှောက်ထားသည့်အရေး၌)ဟူသော ဦးမင်းစိန်(တရားရုံးချုပ်ရှေ့နေ)၏ ၁၀-၅-၂၀၁၁ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆)တွင် ဖော်ပြပါရှိသည့် ကြော်ငြာအား ပြန်လည်ကန့်ကွက်ရှင်းလင်းခြင်း

အထက်ဖော်ပြထားသည့် ကြော်ငြာနှင့်ပတ်သက်၍ မဟာလူထုဆက်သွယ်ရေးအုပ်စုလီမိတက်(Mahar Media Group Ltd.)မှ ၁၂-၅-၂၀၁၁ရက်က တရားရုံးချုပ် ရှေ့နေ ဦးမင်းစိန်ထံသို့ ကန့်ကွက်လွှာပေးပို့ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်သို့လည်း ၁၈-၅-၂၀၁၁ရက်က ကျမ်းကျိန်လွှာနှင့်အတူ တင်ပြကန့်ကွက်ထားပြီးလည်းဖြစ်ပါသည်။ မဟာလူထုဆက်သွယ်ရေးအုပ်စုလီမိတက်သည် အထက်ဖော်ပြပါအတိုင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ လျှောက်ထားခဲ့သူအား ကုမ္ပဏီ၏တာဝန်မှ ရပ်စဲခဲ့ပြီးချိန်မှစ၍ ယနေ့အချိန်အထိ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်ခြင်း၊ သုံးငွေများ တတ်နိုင်သမျှ ခြိုးခြံ၍ သုံးစွဲခြင်း၊ ဝင်ငွေများကြိုးစားရှာဖွေခြင်း၊ စာရင်းဇယားများ စနစ်တကျရေးသွင်းပြုစုထားရှိခြင်း၊ ပွင့်လင်းရိုးသားစွာ တိုင်ပင်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကြောင့် ဆက်စပ်လုပ်ကိုင်ဘက်ကုမ္ပဏီများနှင့် လုပ်ငန်းပေါင်းစုံမှန်ဆက်သွယ်ဆောင်ရွက်လျက်ရှိသောကြောင့် လုပ်ငန်းရှင်များ၏ ယုံကြည်လေးစားမှုကို ရရှိနေသည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်သို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများကိုလည်း အပြေအကျေပေးဆောင်နေသည့် ကုမ္ပဏီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မဟာလူထုဆက်သွယ်ရေးအုပ်စုလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားမှုကြော်ငြာအား ကန့်ကွက်ကြောင်းနှင့် ကုမ္ပဏီမှာ ယနေ့အချိန်အထိ နိုင်ငံတော်နှင့် ကုမ္ပဏီဝန်ထမ်းများအတွက် အကျိုးရှိစွာ လည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ကြော်ငြာအပ်ပါသည်။

မဟာလူထု ဆက်သွယ်ရေးအုပ်စု လီမိတက်
(Mahar Media Group Ltd.)၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်မြင့်(ကနောင်)
(အမှတ်စဉ်-၂၇၁၆)
တရားလွှတ်တော်ချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅လမ်းတို (အောက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၈၆၁၁၄၁၆၊ ၀၉-၅၁၀၈၇၅၄၊၀၁-၅၀၁၈၄၆(လိုင်းခွဲ) ၃၆၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ်(၅၃/၅၄)၊ ၄ ခန်းတွဲ၊ ၆ ထပ်တိုက်၏ (၁၈ ပေ × ၅၂ ပေ)အကျယ်အဝန်းရှိ (တိုက်ရှေ့မှ မျက်နှာမူလျှင် လက်ယာဘက်ထောင့်ခန်း)၊ စတုတ္ထထပ်(၅ လွှာ)၊ ရေ၊ မီးအစုံအလင် တိုက်ခန်းနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန် ဒေါ်ခင်စန်း(CG-၀၇၂၇၅၇)က တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဆိုသူ ဒေါ်ခင်စန်းရီ(၁၂/တမန(နိုင်)၀၂၅၂၃၄)ထံ စရန်ငွေအချို့ တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်း၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ
B.A(Law) LL.B, D.B.L
တရားလွှတ်တော်ချုပ်ရှေ့နေ(စဉ်၄၆၄၃)
ရုံး-အမှတ်-၁၆၃၊ ၄ လွှာ၊
၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၅၅၉၄၆၀၊ ၀၉-၅၀၀၉၁၆၇

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄စီ၊ မြေကွက်အမှတ်-၈အိုင်၊ ဧရိယာ(၀.၂၅၀)ဧကရှိ မြေပိုင်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ အရှေ့ဘက်အခြမ်းဖြစ်သော အရှေ့ဘက် (၅၀)ပေခန့်၊ အနောက်ဘက်(၇၇)ပေခန့်၊ တောင်ဘက် (၄၁)ပေခန့်၊ မြောက်ဘက် (၆၀)ပေခန့်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်းသွယ်၊ အမှတ်-၂၄၈/ခ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)
တရားလွှတ်တော်ချုပ်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/စီ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၅၁၆၀၆၀၇

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေး ပဲခူးမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ပဲခူး မေ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်၌ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်သည် ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးသန်းလွင်၊ ပဲခူးခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးညဏ်စိန်တို့နှင့်အတူ ပဲခူးမြို့နယ် မြေစာရင်းဦးစီးဌာနမှ ကွင်းဆင်းစာရင်းကောက်ယူနေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းအား မေ ၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ ရှင်းလင်းဆွေးနွေး ကြောင်း သိရှိရသည်။ (၄၀၃)

နတ်မောက်မြို့နယ်၌ မိုးသီးနှံများစိုက်ပျိုးပြီးစီး

နတ်မောက် မေ ၂၁

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ်တွင် ဧပြီ ၂၃ ရက်၊ ၂၇ ရက်များနှင့် မေလ ပထမပတ်အတွင်း မိုးစတင် ရွာသွန်းခဲ့ရာ မိုးစောစွာရွာသွန်းမှုကြောင့် တောင်သူများသည် မိုးစိုက်သီးနှံများကို စတင်စိုက်ပျိုး လျက်ရှိပြီး အထူးသဖြင့် မိုးမြေပဲ (ပင်ပြန့်)၊ မိုးမြေပဲ(ပင်ထောင်)၊ နှမ်းလျှင်၊ ပဲစင်းငုံစသည့် မိုးစိုက်သီးနှံများကို စိုက်ပျိုးနေပြီ ဖြစ်သည်။ မြို့နယ်အတွင်း ကျေးရွာ အများစုရှိ တောင်သူများသည် မိုးစိုက်သီးနှံများ ထွန်တုံးပိတ်နီးပါး စိုက်ပျိုးပြီးစီးခဲ့ကာ ယခုအခါ ကြားပေါင်းလိုက်ခြင်း၊ ပေါင်းနုတ်ခြင်း များ ဆောင်ရွက်လျက်ရှိသည်။

ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် မိုးရွာသွန်းမှုစော သဖြင့် တောင်သူလယ်သမား များက ဝမ်းမြောက်ဝမ်းသာဖြစ်နေ ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စျေးမိစျေးဖများ စုပေါင်း၍ သုံးဆယ်မြို့ စျေးကြီးအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း ဦးလှော်ခြီလမ်းနေ ဦးသန်းဝင်း-ဒေါ်တင်ဝင်း၊ သား သမီးမြေး မိသားစုတို့က ထာဝရ ဆွမ်းပဒေသာပင်၊ ဆေး ပဒေသာပင်၊ အဆောက်အအုံ ပဒေသာပင်တို့အတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များ လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီ ဖြစ်သည်။ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီး၊ ပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ် ၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အဝင်ရေလမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့် အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများအား အနီရောင်မြားဖြင့် တံတား ပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင် နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာ တွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်း စနစ်များအား ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင် ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင် ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့် အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြု မောင်းနှင်ကြရန်နှင့် လေပြင်း တိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် သတိပေး နှိုးဆော်လိုက်သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ရောင်းမည်

ဘိုးဘွားဘီဘင် သားစဉ်မြေးဆက်ထိတိုင် အစဉ်အလာကြီးမားသော လက်ကားစျေးကြီး သင့်အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရန် ရတောင့်ရခဲသော အကောင်းဆုံးအခွင့်အရေး **သိမ်ကြီးစျေး(ဘီ)ရုံ၊ အပြင်တန်း၊ "ဆိုင်ခန်း"၊ နေရာကောင်း၊** ရန်ကုန်မြို့၊

ဖုန်း-၀၉၅၁ ၉၆၁၄၈

မြေကွက်ရောင်းမည်

မန္တလေးစျေးချိုနာရီစင်အနီး စီးပွားရေးလုပ်ရန်နေရာကောင်း ၂၄လမ်း၊ ၈၄/၈၅လမ်းကြား (One Block နီးပါး)၊ မြေအကျယ် ပေ(၁၆၀ × ၈၀) (အဆောက် အအုံပောင်းပါ) ဘိုးဘွားပိုင်၊ အရှုပ်အရှင်းကင်းသည်။

(ပွဲစားမလို) ဆက်သွယ်ရန်

ဖုန်း-၀၉ ၈၆၃၆၂၃၉၊ ၀၉ ၅၁၀၂၅၃၉

ရောင်းမည်

၃၀' ×၅၀'၊ RC နှစ်ထပ်တိုက်သစ်
မီတာ ၂လုံး၊ ရေမီး၊ဖုန်း
မေတ္တာညွှန့်၊ တာမွေ

Ph-01-540192
09-73105877

ကားရောင်းမည်

၆ဘီး၊ ဟီးနိုး၊ 4D
အင်ဂျင်(၁၈၀)၊7C ဂီယာဘောက်
လိုင်စင်သစ်၊ဘော်ဒီအရှည် ၂၃ပေ
ညှိနှိုင်းဈေး သိန်း(၃၇၀)

ဆက်သွယ်ရန်ဖုန်း
၀၉၅၄၁၀၁၂၂၊ ၀၉၇၃၁၉၁၉၅၀

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ မြို့မအလကကျောင်းမှ တတိယတန်း(က)အောင် မောင်ထွဋ်ရဲခေါင်၏ ဖခင်အမည်မှန်မှာ ဦးနေစိုးလင်း(ခ)ဦးထွဋ်ထွဋ် [၇/သဝတ(နိုင်)၀၆၁၂၀၉] ဖြစ်ပါသည်။

မိခင်အမည်မှန်

အထက(၁)၊ ကျောက်တံတား၊ G-7(A) မှ မမြသက်ပိုင်၏ မိခင် အမည်မှန်မှာ ဒေါ်လှလှဝင်း ဖြစ်ပါသည်။

အမြန်ရောင်းမည်

မြေညီတိုက်ခန်း(၁၂$\frac{1}{2}$' × ၅၀') (နှစ်ခန်း) လမ်း ၁၄၀၊ မအူကုန်း (ယုဇနပလာဇာအနီး)

ဖုန်း-၃၈၅၇၄၂-၀၉-၅၀၃-၆၆၆၄

အမည်ပြောင်း

အထက(၂)၊ စမ်းချောင်း၊ Grade-7 (G)မှအဖပိုလ်မှူးဇော်ဝင်း (ငြိမ်း)၏သမီးမပြည့်ပြည့်သန့်ကျော်အား မမိုးမြင့်မြတ်အင်ကြင်းဟုပြောင်းလဲခေါ်ဆိုပါရန်။ **မမိုးမြင့်မြတ်အင်ကြင်း**

အခန်းအမြန်ရောင်းမည်

ပေ(၁၆×၆၀)၊ ပထမထပ်၊ 3BR၊ AC, Ph

နေကြာလမ်း၊ ပုဇွန်တောင်မြို့နယ်
Ph-01-450717, 095096438

အခွန်ပုံစံ(၁) ပျောက်ဆုံးခြင်း

ဦးမျိုးမြင့်ထွေး [၇/မလန(နိုင်)၀၆၃၂၅၇] ပိုင်ဆိုင်သောယာဉ်အမှတ် ဆ/၉၈၀၂ ထရပ်အမျိုးအစား၏ မော်တော်ယာဉ်အခွန်ပုံစံ (၁)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၃၃၉၅၇

လုံးချင်းအိမ်ရောင်းမည်

၃၁ပေ×ပေ၆၀ ဂရန်အမည်ပေါက် အရှုပ်အရှင်းကင်း၊ မီတာနှစ်လုံး နတ်စင်လမ်းကျယ်၊ ကြည့်မြင်တိုင်

ဖုန်း-၀၉-၅၁၉၅၁၃၈၊
၇၃၁၂၅၀၀၀

ကျေးဇူးဆပ်

ကျွန်တော် မောင်ရဲလင်းကျော် [၁၂/သကတ(နိုင်)၁၄၇၄၃၁]၏ P.P စာအုပ်-၈၄၄၁၀၃သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။**ဖုန်း-၀၉-၇၃၁၃၄၄၁၀**

ကျေးဇူးဆပ်ရန်

ဗားဂရာလမ်း၊ကိုးထပ်ကြီးဘုရားအနီး နေထိုင်ခဲ့သော မမဝင်းကြည်အား ကျေးဇူးဆပ်လိုပါ၍ အမြန်ဆက်သွယ် ပေးပါရန်။

မောင်မြင့်(ခ)တင်အောင်မြင့်
(ဖုန်း-၀၉-၇၃၀၉၂၉၈၀)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၊မြေကွက်အမှတ်-၅၂၃(ခ)၊မြေကွက်တည်နေရာအမှတ် (၅၂၃/ခ)၊ (၄)ရပ်ကွက်၊ မ/ဥ (ဦးမြင့်လွင်၊ ဒေါ်ကြည်အေး) အမည် ပေါက် နှစ်(၆၀)ဂရန်မြေအား အမည် ပေါက် ဒေါ်ကြည်အေးထံမှ GP အမှတ် ၁၄၅၂၂/၁၄/၁၂/၁၀ ဖြင့် ဦးမြင့်လွင်မှ ပါဝါရရှိပြီး ဂရန်ပျောက်ဆုံးကြောင်း အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထား လာရာ (၁၄) ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

CNG TAXI **ရောင်းမည်**

ကက/၂၄--- MAZDA CAPELLA အင်ဂျင်ပြောင်းပြီး -ဆေးဘော်ဒီ-လိုင်စင်၊ အင်ဂျင် အသစ်၊-အမည်ပေါက် လက်တင်မောင်း (ပွဲစားမလို)

ဆက်သွယ်ရန်ဖုန်း-၀၉၅၁၅၉၉၇၁၊
၇၀၄၈၂၅

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှု

ခွေးရောင်းမည်

Champion မျိုးမှ ပေါက်သော Golden- Retriever ခွေးသားပေါက် ဝဝကစ်ကစ်လေးများနှင့် (၆)လသား အထီး(၁)ကောင် ရောင်းမည်။

၃၅/၃၀၃၊ ငုဝါလမ်း၊ C-Block၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်း၊
Ph-09-73131655

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးမောင်မာ

(၂၂-၅-၂၀၁၀)- (၂၂-၅-၂၀၁၁)

မိသားစုကိုမမျှော်လင့်ဘဲ ခွဲခွာသွားသည်မှာ ယနေ့နှစ်ပတ်လည်ခဲ့ပါပြီ။ ဖေကြီးအတွက် ရည်စူး၍နေ့စဉ်၊ လစဉ်နှင့်ယနေ့ပြုခဲ့သော ကုသိုလ်ကောင်းမှုတို့ကို ကောင်းမွန်မြင့်မြတ်သောနေရာဌာနမှ ဖေကြီး သာဓုခေါ် ဆိုနိုင်ပါစေ--

ဖေကြီးကိုချစ်သော ချစ်ဇနီးနှင့်
ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ အေးရှားစင်တာဂေါက်သီးလေ့ကျင့်ရေးကွင်းနှင့် အပန်းဖြေရိပ်သာ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၆ ခုနှစ်မှစ၍ နှစ်ပေါင်းကြာမြင့်စွာ ဆွေမျိုးရင်းချာကဲ့သို့ ချစ်ခင်ရင်းနှီးခဲ့ရသည့် ဦးစိုးမြင့်လေး အသက်(၄၇)နှစ်၊ အေးရှားစင်တာ ဂေါက်သီးရိုက် နည်းပြဆရာသည် ၁၃-၅-၂၀၁၁ရက် (သောကြာနေ့) နံနက် ၈၀း၀၅နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုဝင်များ နှင့် ထပ်တူထပ်မျှ နှမြောတသဖြစ်လျက် အထူးပင်ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဦးစိုင်းစောမြင့်-ဒေါ်ရီမွေး
ဦးစောလွင်-ဒေါ်မေလွင်
ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ
ASIA CENTRE CONSTRUCTION& TRADING CO., LIMITED
မန္တလေးမြို့

ကားရောင်းမည်

အိမ်စီးကားသန့်(ဂျပန်ကား စစ်စစ်) ၇က/၉ထောင်ကျော်၊ Hilux-4 ချိုပ် 90-model Diesel, Aircon, Power 170L

Ph: 01-295758,
09-5181702

အင်္ဂလိပ်စာ/စကား
(မူလတန်းနှင့် အလယ်တန်း)

၁။ အခြေခံမှစသင်မည်။
၂။ လက်ရေးလှစေရန်/ အသံထွက် မှန်ရန်/ဝေါဟာရ ကြွယ်ဝ စေရန်/ စာဖတ်တတ်စေရန် လေ့ကျင့်ပေးမည်။
၃။ (၃)တန်းနှင့်အထက် Grammar နှင့် Essay သင်ပေးမည်။

ဖုန်း-၃၈၈၃၀၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဒီ၊ မြေကွက်အမှတ် V၂၀၊ မြေကွက်တည်နေရာအမှတ်၆၇၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးထွန်းတင်အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဦးထွန်းတင်ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ၁၃၄၉ (၇-၅-၂၀၀၄)ဖြင့် ဒေါ်ခင်မျိုးမြင့်၊ ဒေါ်ရီရီ တို့ပိုင်ဆိုင်ပြီး ဒေါ်ခင်မျိုးမြင့်၊ဒေါ်ရီရီ(အပျိုကြီး)တို့ ကွယ်လွန်သဖြင့် သေစာရင်း များတင်ပြ၍ ၁။ဦးကိုလေး[၁၂/ကမတ (နိုင်)၀၄၄၀၈၉] ၂။ဦးသောင်းဦး [၁၂/ကမတ(နိုင်)၀၁၈၁၄၉]၊ ၃။ဒေါ်မူမူအောင် [၁၂/ ကမတ(နိုင်)၀၁၈၁၄၇]၊ ၄။ ဒေါ်ဝင်းမေ[၁၂/ကမတ(နိုင်)၀၁၉၃၅၃]၊ ၅။ဒေါ်မိုးသူ [၁၂/ကမတ(နိုင်)၀၁၈၁၄၈] တို့မှ ခင်ပွန်း၊ တူ၊ တူမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ ဒေါ်ခင်မျိုးမြင့်+ဒေါ်ရီရီတို့ထံမှ အရောင်းစာချုပ် ၃၉၀(၂၀-၁-၂၀၀၆) ဖြင့် ပေ(၁၃×၅၀) ဝယ်ယူသူ ဦးဇော်ဦး[၁၂/ကမတ(နိုင်)၀၄၅၂၁၁] တို့ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရွှေပင်လုံ (Rose Park II) အိမ်ရာစီမံကိန်း လုံးချင်းတိုက်အမှတ် (8A) အမည်ပေါက် ဦးဘိုစိန်[၁၂/ဥကတ(နိုင်)၀၄၅၀၀၈] အမည်ဖြင့် နေထိုင်ခွင့်ရရှိပြီး နေထိုင်လျက်ရှိပါသည်။

ဖခင်ဖြစ်သူဦးဘိုစိန်မှာ ၂၇-၁၀-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါ၍ ယခုအခါ သားသမီးများဖြစ်ကြသော ဒေါ်ခင်စန္ဒီဘို[၁၂/ဥကတ(နိုင်) ၀၄၅၀၉၂]၊ ဦးဘိုဘို [၁၂/ဥကတ(နိုင်)၀၄၅၁၃၈]၊ ဦးဘိုဘိုငယ်[၁၂/ဥကတ(နိုင်)၀၄၅၀၀၅]၊ ဦးဘိုဘိုထွေး[၁၂/ဥကတ (နိုင်)၀၄၅၀၄၀]၊ ဦးဘိုဘိုထွတ်[၁၂/ဥကတ(နိုင်)၁၃၄၅၃၃] အမည်တို့ဖြင့် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါ၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက် စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၄၄)၊လူနေရပ်ကွက်အမှတ်(၄၄)၊မြေကွက်အမှတ်(၂၈၇)၊အကျယ်ဝန်း ပေ(၄၀×၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂၈၇)ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မျိုးသန္တာပပရွှေ
LL.B
အထက်တန်းရှေ့နေ
(စဥ်-၃၃၁၈၀)
အမှတ်(၃၃)၊ တေဇလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဆက်သွယ်ရန် ဖုန်း-၄၉၂၄၃၆၅၂

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင်တာနက် အာကာသသိပ္ပံသတင်း | **ဘာသာပြန် - စံစံ**

စကြဝဠာရောင်ခြည်လှိုင်းများအား ထောက်လှမ်းမည့်ကိရိယာ နိုင်ငံတကာ အာကာသစခန်းယာဉ်တွင် တပ်ဆင်ပြီ

ကိပ်ကနေဗာရယ် မေ ၂၁

အမေရိကန် အင်ဒဲဗား လွန်းပြန်ယာဉ်နှင့်အတူ လိုက်ပါသွားခဲ့ကြသော အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသစခန်းယာဉ်၌ စကြဝဠာရောင်ခြည်လှိုင်းများအား ထောက်လှမ်းလေ့လာနိုင်မည့် ကိရိယာ(Cosmic Ray Detector)ကို မေ ၁၉ ရက်တွင် တပ်ဆင်လိုက်ပြီဖြစ်သည်။

ဒေါ်လာနှစ်ဘီလီယံတန်ဖိုးရှိ စကြဝဠာရောင်ခြည်လှိုင်းများ ထောက်လှမ်းရေးကိရိယာသည် စွမ်းအားမြင့်မားသော သံလိုက်တစ်ခုဖြစ်ပြီး အာရုံခံကိရိယာအများအပြားနှင့် ချိတ်ဆက်ထားသည်။

ကမ္ဘာပေါ်သို့ ကျရောက်သည့် စကြဝဠာရောင်ခြည်များတွင် အခြေခံအမှုန်များ ပါဝင်သည်။ စကြဝဠာရောင်ခြည်များအတွင်း ပရိုတွန်များ အဓိကပါဝင်ပြီး အီလက်ထရွန်နှင့် အယ်လ်ဖာအမှုန်များလည်း ပါဝင်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့❑

စကြဝဠာရောင်ခြည်လှိုင်းများအား ထောက်လှမ်းလေ့လာမည့် ကိရိယာကို နိုင်ငံတကာအာကာသစခန်းယာဉ်၌ တပ်ဆင်ရန် စက်ရုပ်လက်မောင်း အသုံးပြု၍ သယ်ဆောင်နေစဉ်။(ဓာတ်ပုံ-အင်တာနက်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၅/၂၀၁၁) ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နာယကဂုဏ်ခြောက်ပါးနှင့်အညီ စံပြအဖြစ် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင် အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၁

အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးနှင့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့အတွက် သင်တန်းက ပို့ချလိုက်သော သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍအလိုက် စစ်ဆေးကြပ်မတ်ရေးဆိုင်ရာ ဆွေးနွေးပို့ချချက်များကို အပြည့်အဝရယူ၍ လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာအရ

စာမျက်နှာ ၈ ကော်လံ ၁ သို့☆

ဧယျာရွှေမြေနှင့်
ရောဝတီယူနိုက်တက်
သရေဖြစ်
ကမ္ဘောဇနှင့် ရတနာပုံတို့
နိုင်ပွဲများရ

စာမျက်နှာ - ၁၀

အမျိုးသား
ပတ်လည်
အမှတ်ပေး
ဟော်ကီပြိုင်ပွဲ
ကာကွယ်ရေးဝန်ကြီးဌာန ဆုဖလားရရှိ

စာမျက်နှာ - ၁၀

ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအပြီးတွင် ဖာဂူဆင်ဘာကာရီကက်စ်ကို ဘာစီလိုနာကမ်းလှမ်းမည်

စာမျက်နှာ ၁၀